ရှေ့ကြမ်း The Mirror

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ အင်္ဂါနေ့၊ (24-10-2006) (၅၁၂၀)

**သိင်္ဂါလောဝါဒ သုတ္တန်လာ**

**ရဟန်းကျင့်ဝတ် (၆) ပါး**

**ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ ထွန်းနိုင်ရန်အတွက် သာသနာတော်ကို ပြုစုစောင့်ရှောက်သည့် ရဟန်းသံဃာတော်များ လိုအပ်သကဲ့သို့ ရဟန်းသံဃာတော်များအား ကြောင့်ကြစိုးရိမ်ခြင်းမရှိဘဲ ပရိယတ္တိစာပေ သင်ကြားလေ့လာကျက်မှတ် သာသနာပြုနိုင်ရန် ဒါယကာ၊ ဒါယိကာမတို့၏ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသည့် ပစ္စည်းလေးပါး ပံ့ပိုးကူညီလှူဒါန်းမှုသည် အဓိကကျလှပါသည်။**

ဤကဲ့သို့ ပစ္စည်းလေးပါး လှူဒါန်းကြကုန်သော ဒါယကာ၊ ဒါယိကာမတို့အား အကျိုးစီးပွားကုသိုလ်တရားများ ရရှိစေရန် ရဟန်းတော်များဘက်မှ လိုက်နာစောင့်ထိန်း ပြုစုစောင့်ရှောက်ရမည့် ကျင့်ဝတ် (၆)ပါးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

**– မကောင်းမှု မပြုလုပ်မိစေရန် တရားပြ၍ တားမြစ်ကုန်ရာ၏။**

**– ကောင်းမှုတရား သက်ဝင်ယုံကြည်စေရန်အတွက် တရားဖြင့် လမ်းညွှန်စေရာ၏။**

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❀

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော်    အောက်တိုဘာ    ၂၃

**ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ရှော့ဆက်ဖ် ကာမဲလ် ဘူးထရို့စ် ဟန်နာသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**



**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

**လက်ခံတွေ့ဆုံ**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရှော့ဆက်ဖ် ကာမဲလ် ဘူးထရို့စ် ဟန်နာအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ရှော့ဆက်ဖ် ကာမဲလ် ဘူးထရို့စ် ဟန်နာ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။** (သတင်းစဉ်)



**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၄-၁၀-၂၀၀၆
(အင်္ဂါနေ့)

## စီးပွားရေးဘဝ ခိုင်ခိုင်မာမာ ဖြစ်ထွန်းရေးကြိုးပမ်း

နိုင်ငံတော်၏ စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေးဟူသည့် စီးပွားရေးဦးတည်ချက်နှင့်အညီ ကြိုးပမ်း ဖော်ဆောင်လျက်ရှိရာ အမျိုးသား စီးပွားရေး အခြေအနေ တိုးတက်လာနေသကဲ့သို့ ပုဂ္ဂလိကကဏ္ဍ ရပ်တည်ပါဝင်မှုနှင့် စီးပွားရေးအနေအထားသည်လည်း တိုးတက်လျက်ရှိသည်။

ပြည်တွင်း၌ သဘာဝသယံဇာတ ကြွယ်ဝမှုအရ လယ်ယာ၊ သားငါး၊ သစ်တော၊ စက်မှု စသည့်ကဏ္ဍများသည် စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် အလားအလာကောင်းမွန်သည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များက အဆိုပါ ကဏ္ဍများ၌ တိုးချဲ့ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ကြခြင်းဖြင့် ကုန်ချောပစ္စည်းများ၊ အမယ်သစ်ပို့ကုန်များ တိုးမြှင့်ထုတ်လုပ်လာနိုင်ကာ ကုန်သွယ်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးလာမည်ဖြစ်သည်။

ယခုအခါ ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းကို ရန်ကုန်မြို့ရှိ ပင်လယ်ထွက်ပေါက် တစ်ခုတည်းမှသာမက နယ်စပ်ဒေသများမှ တစ်ဆင့် ကုန်းလမ်းထွက်ပေါက်များမှလည်း ကုန်သွယ်မှုလမ်းကြောင်းများ ဖွင့်လှစ်ပေးထားသည်။ ဆန်စပါး၊ဝါ၊ကြံစသည့်သီးနှံများ လွတ်လပ်စွာ လုပ်ကိုင်ခွင့် ရော်ဘာ၊ အစေ့ထုတ်ပြောင်း၊ နှမ်း၊ ကြက်သွန်နီတို့ကို ပြည်ပသို့ တင်ပို့ခွင့် များကိုလည်း စီစဉ်ပေးလျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများအား ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့် ဘင်း(မ်)စတက်နိုင်ငံများအကြားတည်ရှိပြီး လူဦးရေများပြား၍ ဈေးကွက်ကြီးမားသည့် နိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသဖြင့် စီးပွားရေး ပေါင်းကူးသဖွယ် လုပ်ကိုင်နိုင်သည်။ ကုန်ပစ္စည်း အမျိုးအစားအလိုက် ပြည်ပဈေးကွက်သို့ ထိုးဖောက်ရောင်းဝယ်နိုင်မည့် အလားအလာကောင်းများ ရရှိနေပြီဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်၌ တည်ငြိမ်သော နိုင်ငံရေး၊ ဖွံ့ဖြိုးမှုအားကောင်းသော စီးပွားရေး၊ အရည်အသွေးနှင့် ကျွမ်းကျင်မှုရှိသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလျက်ရှိသည်။ နိုင်ငံတော်အပိုင်းက သွက်လက်ထက်မြက်သည့် အစိုးရယန္တရားဖြစ်စေရေး လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

ယင်းသို့သော အခြေအနေကောင်း အချိန်အခါကောင်းတွင် စီးပွားရေးလုပ်ငန်းရှင်များက အတွေးသစ်၊ အမြင်သစ်ဖြင့် ရေရှည်တည်တံ့ အကျိုးဖြစ်ထွန်းမည့် စီးပွားရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြခြင်းဖြင့် နိုင်ငံတော်နှင့် ပုဂ္ဂလိက အကျိုးစီးပွား မျှတစွာဖြစ်ထွန်းပြီး စီးပွားရေးဘဝ ခိုင်ခိုင်မာမာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်(၄)ရပ်ကွက် အရှေ့ရန်ကင်း ရန်နိုင်လမ်းသွယ်နေ ဦးကိုကိုမောင်-ဒေါ်ခင်မမစစ်၊ သား၊သမီး၊မြေး(ရှမ်းရွှေလီ ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်)မိသားစုက အလှူတော်ငွေကျပ် ၁၃၅၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၁၀၇)နှစ်ပြည့် ပြည်မြတ်စွယ်တော်အား မြို့တွင်းလှည့်လည်အပူဇော်ခံရန် ညှိနှိုင်း

ရန်ကုန် အောက်တိုဘာ ၂၃

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယ (တန်ဆောင်တိုင်) ပွဲတော်နှင့် (၁၀၇)နှစ်ပြည့် မြတ်စွယ်တော်အား မြို့တွင်းသို့ ဒေသစာရီလှည့်လည်အပူဇော်ခံပွဲကို အောက်တိုဘာ ၂၈ရက်မှ နိုဝင်ဘာ ၆ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၇ရက်တွင် ရွှေဆံတော်ရင်ပြင်ရှိ ကျားပျံမွှေရုံ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့် အမှာစကားပြောကြားသည်။

ဖြည့်ဆည်းပေး

ထို့နောက် ပွဲတော်ကျင်းပနိုင်ရေး အတွက် လုပ်ငန်းဆပ်ကော်မတီဝင်များက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အင်းစိန်စက်ခေါင်းစက်ရုံနှင့် ရန်ကုန်မြို့ပတ်လမ်းပိုင်း ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပသော မြန်မာ့မီးရထား ဘုံကထိန်သို့ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် အောက်တိုဘာ ၂၁ရက် နံနက် ၆နာရီခွဲတွင် အင်းစိန်စက်ခေါင်းပြင်စက်ရုံသို့ ရောက်ရှိရာ စက်ခေါင်းပြင်စက်ရုံ ဒုတိယအထွေထွေမန်နေဂျာ ဦးစောဘယ်လ်လင်တိုင်းက မြင်းကောင်ရေ ၁၂၀၀အားရှိ ဒီဇယ်လျှပ်စစ်စက်ခေါင်းပြည်တွင်း၌ ထုတ်လုပ်တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ စက်ပစ္စည်းအစိတ်အပိုင်းအလိုက် တပ်ဆင်ပြီးစီးမှုအခြေအနေများ၊သက်ဆိုင်ရာ အင်ဂျင်နီယာများက စက်ခေါင်းတည်ဆောက်မှုများနှင့် စပ်လျဉ်း၍ အပိုင်းလိုက် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များမှာကြားပြီး စက်ခေါင်း တည်ဆောက်နေမှုများနှင့် စက်ခေါင်းပစ္စည်း အစိတ်အပိုင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဝန်ကြီးသည် အောက်တိုဘာ ၂၁ရက် နံနက် ၇နာရီ တွင် မင်္ဂလာဒုံဘူတာ၌ တာဝန်ရှိသူများအား တွေ့ဆုံပြီး လက်ဝဲရစ်ရထားလမ်းအတိုင်း RBEစက်ခေါင်းဖြင့် မြို့ပတ်ရထားလမ်းကို ကြည့်ရှုစစ်ဆေးရာ ရထားလမ်းအတွင်း ကျောက်ဖြည့်ရန် လိုအပ်သည့်နေရာများကို ဖြည့်စွက်ပေးရန်နှင့် ဘူတာများ ကောင်းမွန် သပ်ရပ်စွာ ထားရှိရေး၊ ရထားစီး ခရီးသည် ဘေးအန္တရာယ်ကင်းရှင်းရေး၊ စိတ်ချမ်းမြေ့ ပျော်ရွှင်စေရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန်ဘူတာကြီးနှင့် ပါဆယ်ရုံး တိုးချဲ့ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာ့မီးရထား၏ (၅၉) ကြိမ်မြောက် မိသားစုဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဓမ္မိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပရာ ရှေးဦးစွာ ဓမ္မိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒကထံမှ ငြှော့်ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဝန်ကြီးနှင့်ဇနီး ဒေါက်တာဒေါ်ဝေဝေသာ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဇနီး၊ ဌာနအကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများက ဆရာတော် အရှင်သူမြတ်တို့အား ကထိန်ဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဆရာတော်သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ (သတင်းစဉ်)



ကွယ်လွန်သူဦးခင်မောင်အေး (စာရေးဆရာ တိမ်မိုးလှိုင်) အားရည်စူး၍ ရန်ကုန်မြို့ရန်ကင်းမြို့နယ်ဘောက်ထော် ပြည်သာယာ စွန်းလွန်းဂူကျောင်းလမ်းနေ ဒေါ်အေးအေးမိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တပညာသီရိလင်္ကာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၂၄-၁၀-၂၀၀၆ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၀၀ ၅။ ခံစားနားဆင်တေးဓာတ်ဝင်
၅:၁၀ ၆။ **"ရောင်ပြန်ဟပ်ခြင်း" (မင်းအုပ်စိုး၊ ကုသိုလ်) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
၅:၁၅ ၇။ ကမ္ဘာ့ကုလသမဂ္ဂနေ့တေးများ
၅:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "တောတွင်းသားငယ်လေး" (အပိုင်း-၂၀)**
၆:၅၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုံသံ
၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခြင်းနှင့်အတူ"(အပိုင်း-၁၂)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စပိုင်ချစ်သူ" (အပိုင်း-၁၀)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

## ရုပ်သေး သဒ္ဒါသုမန ဇာတ်တော်ကြီး မည်သူမဆို အခမဲ့ကြည့်ရှုနိုင်

**နေပြည်တော် အောက်တိုဘာ ၂၃**

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ရုပ်သေး "သဒ္ဒါသုမန ဇာတ်တော်ကြီး" ကို ရေဆင်းတက္ကသိုလ်ဝင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ဆက်လက်ယှဉ်ပြိုင်ကြရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်းနှင့် အောက်တိုဘာ ၂၄ရက်တွင် မန္တလေးတိုင်း ရတနာပုံရုပ်စုံသဘင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လက်ခံတွေ့ဆုံ

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး** မစ္စတာ ပါသိရာနာဂီ၊ အာသာ၊ ဒိုင်ယာစ်၊ ဆမ်မာရာစီကာရာအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ **လက်ခံတွေ့ဆုံစဉ်။**
(သတင်း–ကျော်ဖုံး) (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော** မစ္စတာ မီခေးလ်၊ အမ်၊ မက်ဂလက်ဗီး နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ သံအမတ်ခန့်အပ်လွှာ **ပေးအပ်စဉ်။** (သတင်း–ကျော်ဖုံး) (သတင်းစဉ်)





## အောင်ဆန်းတောရစာသင်တိုက် စုပေါင်းဘုံကထိန်နှင့် ထီးတော်တင်လှူပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်(၆) ရပ်ကွက် အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက်တွင် ဆရာတော် ဘဒ္ဒန္တသုဇာတ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးရှိသော သံဃာတော်အပါး ၁၀၀ နှင့် ပင့်သံဃာတော်အပါး ၁၀၀ တို့အား (၂၇)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ဂန္ဓဝါဇက သုံးထပ်သိမ်တော်ကြီး ဘုရားကျောင်းဆောင်တော်၌ ရွှေပြည်သာမြို့နယ် (၂)ရပ်ကွက် ဝန်ထမ်းကြီးများရိပ်သာနေ ဒုတိယဗိုလ်မှူးကြီးမြဦး(ငြိမ်း)–ဒေါ်တင်တင်မေ မိသားစုတို့ လှူဒါန်းသော ထီးတော်ဆက်ကပ်တင်လှူပွဲကို ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ အောက်တိုဘာ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက်တွင်ကျင်းပမည်ဖြစ်ရာ လာရောက်ကြည်ညိုသဒ္ဓါပွားနိုင်ကြောင်းနှင့် အလှူရှင်များ ဖုန်း–၆၁၀၀၅၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က–ပ)

## Air Bagan Ltd. ၏ Airbus A 310-200 လေယာဉ်ကြီးရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံသားပိုင် လေကြောင်းလိုင်း တစ်ခုဖြစ်သော Air Bagan Ltd. က အပြည်ပြည်ဆိုင်ရာ လေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ဝယ်ယူထားသော Airbus A 310-200 လေယာဉ် နှစ်စင်းအနက် ပထမအစင်း ဖြစ်သော XY-AGDသည် ယနေ့နံနက် ၉နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။ **(ယာပုံ)**

Air Bagan Ltd. သည် Fokker 100 လေယာဉ်တစ်စီး၊ ATR 42 လေယာဉ်သုံးစင်း၊ ATR 72 လေယာဉ် နှစ်စင်း စုစုပေါင်းလေယာဉ် ခြောက်စင်းဖြင့် ပြည်တွင်းခရီးစဉ်များကို ပျံသန်းပြေးဆွဲ လျက်ရှိရာ မကြာမီ ယနေ့ရောက်ရှိလာသော Airbus A 310-200လေယာဉ်ကြီးဖြင့် ပြည်ပ ခရီးစဉ်များဖြစ်သော ရန်ကုန်– ဗန်ကောက်–ရန်ကုန်နှင့် ရန်ကုန်–စင်ကာပူ–ရန်ကုန် ခရီးစဉ် တို့ကို နေ့စဉ် ပြေးဆွဲပြီး ရန်ကုန်–မန္တလေး–ကူမင်း–မန္တလေး–ရန်ကုန် ခရီးစဉ်ကို တစ်ပတ်လျှင် သုံးကြိမ် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

Air Bagan Ltd. အတွက် Airbus A 310-200 လေယာဉ် ဒုတိယအစင်းနှင့် ထပ်မံဝယ်ယူ ထားသော Fokker 100 လေယာဉ်တစ်စင်း တို့သည် မကြာမီ မြန်မာနိုင်ငံသို့ ထပ်မံရောက်ရှိလာမည်ဖြစ်ပြီး ပြည်တွင်း ပြည်ပ ခရီးစဉ်များကို တိုးချဲ့ပျံသန်း ပြေးဆွဲသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ရိုးမတောင်တန်းများ သက်သေတည်

❖ ခေါင်းရင်းက မှန်တံခါးနှစ်ချပ်
အလယ်ကိုဆွဲ၍ ထပ်လိုက်ရာမှ
လေနုအေးလေး တိုးလို့ဟပ်လာ
ဖြစ်တည်ရှာ လေသာပြတင်းနှစ်ပေါက်မှ
စစ်စီကာအသေအချာ သတင်းထောက်တော့
မှိုင်းမှုန်ပြာ မြူလွှာအောက်မှာ
ငြိမ်သက်စွာ ထည်းထည်းမြင့်မြင့်
ရိုးမတောင်ကြီး အဆင့်ဆင့်က
ကြိုလင့်လို့ ခွန်းဆက်လှစ်
ကျန်းမာပါစ မြန်မာ့မျိုးဆက်သစ်တို့တဲ့။

❖ တောင်ထွတ်ဖျားဦး အလယ်စူးစူးမှာ
ကြည်နူးစွာ ဖူးတွေ့ရ
မြတ်ဗုဒ္ဓမွေသရီ ဌာပနာတည်ခဲ့
လွှမ်းမွေ့စရာ မှန်း၍သာ ဦးတော်ခိုက်ချီ
ဖူးလိုက်ပါရဲ့ ထုံးဖြူဖွေးဖွေးမြတ်စေတီ။

❖ ရာစုထောင်သောင်း ကြွန္တြေဆောင်း၍
ခံ့ပေ့ ထည်ပေ့ တည်ငြိမ်ပေ့ကွယ်
မပြောင်းမရွှေ့ တစ်နံ့တစ်လျှား
မိုးလား တိမ်လား မြူလား မကွဲပြားအောင်
သရုပ်ဖွဲ့ဆောင် ဝတီထိမယောင် လွန်မြင့်မား
သဘာဝအပိုင်းအခြား ရွှေညီတော်
နေပြည်တော်၏ တံတိုင်းအလား
ရှုမငြီးစရာ ပန်းချီကား
ချစ်စရာ့ ရိုးမတောင်တန်းများ။

❖ ရေ မြေ လေ သဘာဝအရင်းအမြစ်
ပသာဒ အလျဉ်းဖြစ်ဖွဲ့တည်
ထာဝရ အဆင်းသစ်ခဲ့သည်
ပြည်ထောင်သွေးချင်း ရင်းနှီးချစ်ကြည်
နေပြည်တော်ဆီ စုံညီစုဝေး
တိုင်းရင်းတေးတို့ လွင့်ပျံမိုးထိဆီ
ရိုးရာယဉ်ကျေးမှုအမွေထိန်းသိမ်းစို့ အဓိဋ္ဌာန်ရည်
အဆို၊ အက၊ အရေး၊ အတီး အားမာန်သည်
ငြိမ့်သဲ သိမ့်သိမ့် နွှဲလေပြီ
ရိုးမတောင်တန်းများ သက်သေတည်။ ။

**မင်းထက်**

# ရာဇဝတ်မှု ကျူးလွန်သူများထံ လက်နက်မရောက်ရှိရေး လော့စ်အိန်ဂျလိစ်၌ ဥပဒေတစ်ရပ်ထုတ်ပြန်မည်

လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၂၂

**ရာဇဝတ်မှုကျူးလွန်သူများထံ လက်နက်မရောက်ရှိရေး ကာကွယ်တားဆီးနိုင်ရန် ရည်ရွယ်သည့်အနေဖြင့် လက်နက်ပိုင်ဆိုင်သူများသည် လက်နက်များပျောက်ဆုံး သို့တည်းမဟုတ် အခိုးခံရပါက အကြောင်းကြားရန် လိုအပ်သည့်ဥပဒေတစ်ရပ်ကို အမေရိကန်နိုင်ငံရှိ လော့စ်အိန်ဂျလိစ် မြို့တော်ကောင်စီက အတည်ပြုပေးလိုက်ကြောင်း သောကြာနေ့ ဆင်ဟွာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**

လာမည့်လမှစတင်၍ အာဏာသက်ရောက်မှုရှိမည့် အဆိုပါ ဥပဒေအရ လက်နက်ကိုင်ဆောင်သူများအနေဖြင့် လွန်ခဲ့သည့် ငါးနှစ်အတွင်း လက်နက်ခိုးယူခံရ သို့တည်းမဟုတ် ပျောက်ဆုံးခဲ့ပါက ရဲဌာနသို့ ၄၈ နာရီအတွင်း တိုင်တန်းရမည်ဖြစ်ကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ် သတင်းစာက ကြာသပတေးနေ့တွင် ရေးသားသည်။ လော့စ်အိန်ဂျလိစ် မြို့တော်ဝန်က ယင်းအစီအစဉ်ကို ထောက်ခံပြီး ဥပဒေအဖြစ် လက်မှတ်ရေးထိုး ခွင့်ပြုမည်ဟု မြို့တော်ဝန်၏သတင်းပြန်ကြားရေးရုံးက ဖော်ပြသည်။

ယင်းဥပဒေအရ လက်နက်ကိုင်ဆောင်သူတစ်ဦး လက်နက်ပျောက်ဆုံး သို့တည်းမဟုတ် အခိုးခံရကြောင်း သတင်းပို့ရန် ပျက်ကွက်ခဲ့ပါက ထောင်ဒဏ်တစ်နှစ် အပြစ်ပေးခံရမည်ဖြစ်သည်။ ယင်းသေနတ်များတွင် ရိုင်ဖယ်နှင့် လက်နက်ငယ်များအပါအဝင် လက်နက်ပေါင်းစုံ ပါဝင်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# တရုတ်နှင့် အာဖရိက နိုင်ငံများ ပညာရေး ပူးပေါင်းဆောင်ရွက်

**ပေကျင်း အောက်တိုဘာ ၂၂**

အာဖရိကတိုက်ရှိ နိုင်ငံပေါင်း၅၀ ကျော်နှင့် တရုတ်နိုင်ငံတို့သည် ပညာရေးဆိုင်ရာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန(အမ်အိုအီး)က အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားသည်။

တရုတ်–အာဖရိက ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲကို မကြာမီ ကျင်းပမည်ဖြစ်ကြောင်း၊ ပြီးခဲ့သော နှစ်များအတွင်းက တရုတ်နှင့်အာဖရိက နိုင်ငံများ၏ ပညာရေးဆိုင်ရာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပညာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဆင်ကျန်ယွန်းက ပြောကြားသည်။

သုံးနှစ်တာကာလတွင် တောင်အာဖရိကမှ အစိုးရဝန်ထမ်းများ၊ ကျောင်းအုပ်များနှင့် ဆရာများကို လေ့ကျင့်သင်တန်းပေးရန် ၂၀၀၅ ခုနှစ် နိုဝင်ဘာလတွင် ပေကျင်း၌ ပြုလုပ်သော တရုတ်–အာဖရိက ပညာရေးဝန်ကြီးများ အစည်းအဝေးပွဲတွင် သဘောတူခဲ့ကြောင်း ဆင်ကျန်ယွန်းက ပြောကြားသည်။ အာဖရိကကျောင်းသား ၁၂၀၀ ခန့်ကို နှစ်စဉ်တရုတ်နိုင်ငံက အစိုးရပညာတော်သင်ဆုပေးသည်။ ငါးနှစ်အတွင်း ပညာတော်သင်ဦးရေကို နှစ်ဆတိုးရန် တရုတ်နိုင်ငံ၏ နိုင်ငံတော်ကောင်စီအဖွဲ့ဝင် ပြည်နယ်အုပ်ချုပ်ရေးမှူး ချန်ဇီလီက ကတိပေးထားခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***






**အီရန်နိုင်ငံ တီဟီရန်မြို့၌ အမေရိကန် သမ္မတဘုရှ်အား ကန့်ကွက်ဆန္ဒပြနေသည်ကို အောက်တိုဘာ ၂၀ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

# ထိုင်းအမျိုးသားဥပဒေပြုလွှတ်တော် ဖွင့်လှစ်

ဗန်ကောက် အောက်တိုဘာ ၂၂

**ထိုင်းနိုင်ငံအိမ်ရှေ့မင်းသား မဟာဗာဂျီရာလောင်ကွန်သည် ထိုင်းအမျိုးသား ဥပဒေပြုလွှတ်တော်ကို သောကြာနေ့ ညနေပိုင်းတွင် တရားဝင်ဖွင့်လှစ်ပေးလိုက်သည်။ နိုင်ငံတော်တည်ငြိမ်မှုရရှိရေးသည် လွှတ်တော်အဖွဲ့ဝင်များ၏ စွမ်းဆောင်ချက်အပေါ် တည်မှီနေကြောင်း အမျိုးသားနိုင်ငံရေး အကျပ်အတည်းကိုဖြေရှင်းရန် ထိုင်းနိုင်ငံနှင့် ထိုင်းဘုရင်တို့က လွှတ်တော်သစ်ကို အားကိုးတကြီး မျှော်လင့်ထားကြောင်း ၎င်းက ပြောကြားသည်။**

လွှတ်တော်အဖွဲ့ဝင် အားလုံးက တာဝန်ဝတ္တရားများကို မှန်မှန်ကန်ကန် ထမ်းဆောင်လျှင် နိုင်ငံတည်ငြိမ်မှုရှိလာမည်ဖြစ်ပြီး တိုင်းသူ၊ ပြည်သားများလည်း ပျော်ရွှင်ချမ်းမြေ့နိုင်ကြမည်ဖြစ်ကြောင်း၊ လွှတ်တော် အဖွဲ့ဝင်များက တာဝန်မကျေလျှင် နိုင်ငံနှင့်တိုင်းသူ၊ ပြည်သားများ ဒုက္ခရောက်ကြရမည်ဖြစ်ကြောင်း ဘုရင် ဘူမိဘောအဒူယာဒက်ဂျ်ကိုယ်စား အိမ်ရှေ့မင်းသားက ဗန်ကောက်မြို့ အနန်သာဆမာခွန်ပုလ္လင်ခန်းမ၌ကျင်းပသည့် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ပြောကြား

၎င်းအပြင် လွှတ်တော်အဖွဲ့ဝင် အားလုံးသည် တာဝန်ဝတ္တရားများ ဆောင်ရွက်ရာ၌ ရိုးသားမှုနှင့်တည်ကြည်မှုရှိစေလိုကြောင်း၊ နိုင်ငံကြွယ်ဝချမ်းသာရေးအတွက်ပြီးပြည့်စုံအောင်ဆောင်ရွက်ပေးစေလိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ***

# ပြင်သစ်တွင် လေယာဉ်ပျက်ကျ၊ လူလေးဦး သေဆုံး

**ပါရီ အောက်တိုဘာ ၂၂**

ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် အောက်တိုဘာ ၁၉ ရက်က လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ ဆရာဝန်နှစ်ဦးအပါအဝင် လူလေးဦး သေဆုံးကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

သေဆုံးသွားသူ ဆရာဝန်နှစ်ဦးမှာ ကိုယ်အင်္ဂါအစားထိုးကုသမှု ပြုလုပ်ပေးရန်အသွား ယခုကဲ့သို့ အဖြစ်ဆိုးနှင့်ကြုံတွေ့ရခြင်းဖြစ်သည်။ ပျက်ကျခဲ့ရသောလေယာဉ်မှာ စက်နှစ်လုံးတပ်လေယာဉ်ဖြစ်ပြီး ဘီဆင်ကွန်လာ ဗီဇီလေဆိပ်မှ တက်စဉ် သစ်ပင်များနှင့်တိုက်မိကာ လေယာဉ်ပြေးလမ်းမှ မီတာရာပေါင်းများစွာအကွာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



**တရုတ်နိုင်ငံ ရှန်တုံပြည်နယ် ကျိုနန်မြို့၌ ကျောင်းသားလူငယ်များ သီချင်းသီဆိုနေကြသည်ကို အောက်တိုဘာ ၂၀ ရက်က တွေ့ရစဉ်။***(ဓာတ်ပုံ–အင်တာနက်)*



**စင်ကာပူနိုင်ငံ ကွန်ပျူတာအရောင်းဆိုင်တစ်ဆိုင်၌ လက်ပ်တော့ကွန်ပျူတာများ ခင်းကျင်းပြသထားသည်ကို အောက်တိုဘာ ၁၉ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

# ဘင်္ဂလားဒေ့ရှ် ရွာတစ်ရွာသို့ ဆင်ရိုင်းများဝင်ရောက်ဖျက်ဆီး

**စစ်တကောင်း အောက်တိုဘာ ၂၂**

တောဆင်ရိုင်းအုပ် တစ်အုပ်သည် အောက်တိုဘာ ၁၉ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းရှိ ရွာတစ်ရွာကို ဝင်ရောက်ဖျက်ဆီးခဲ့ရာ ငါးဦးသေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့နှင့် ဒေသခံများက ပြောကြားသည်။

မြို့တော်ဒါကာ အရှေ့တောင်ဘက် ကီလိုမီတာ ၃၅၀ အကွာရှိ ဂျန်ဂါလ်ဂူနာဂါရီရွာတွင် ဆင် ၁၀ ကောင်ခန့်ပါဝင်သော တိရစ္ဆာန် တစ်အုပ်ဝင်ရောက်ရာ ကလေးနှစ်ယောက် ဆင်နင်း ခံရကာ သေဆုံးခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။ ဆင်များက ဝါးအိမ်ငါးလုံးနှင့်ကောက်ပဲသီးနှံစိုက်ခင်းများကို ဖျက်ဆီးခဲ့ကြ၍ ရဲတပ်ဖွဲ့က ခြောက်လှန့်ပစ်ခတ်ခဲ့ရသည်။ ရွာသားများကလည်းဆင်ရိုင်းများအား သစ်ခက်များကို မီးရှို့ကာ ဗျောက်အိုးများကိုဖောက်၍ ခြောက်လှန့်ခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူဦးရေများပြားသောကြောင့် တောများတွင် ချဲ့ထွင်စိုက်ပျိုး လုပ်ကိုင်လာကြသည့်အတွက် တောအုပ်များ ဧရိယာကျဉ်းမြောင်းသွားသည်။ ဆင်ရိုင်းများကြောင့်နှစ်စဉ်ပျမ်းမျှအားဖြင့် လူ ၁၅ ဦးထက် မနည်းသေဆုံးရကြောင်းတာဝန်ရှိသူများက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ဥဇဘက် ကစ္စတန်တွင် လေယာဉ် ပျက်ကျ ၁၅ ဦးသေဆုံး

**နယူးယောက် အောက်တိုဘာ ၂၂**

အာရှတိုက်အလယ်ပိုင်း ဥဇဘက်ကစ္စတန်နိုင်ငံတွင် အောက်တိုဘာ ၁၉ ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်တွင် လိုက်ပါလာသူ ၁၅ ဦးသေဆုံးကြောင်း ဥဇဘက်ရုပ်သံဌာနက ထုတ်လွှင့်သော သတင်းကို ရိုက်တာသတင်းဌာနက ကိုးကားဖော်ပြသည်။

အန်–၂ အမျိုးအစား အင်ဂျင်တစ်လုံးတပ် လေယာဉ်မှာ တာ့ရှ်ကင်မြို့တော်အနီးလေဆိပ်သို့ ဆင်းသက်စဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဘေဒဥပါယ်သည် သံတမန်ကျင့်ဝတ် မဟုတ်ပါ

ခြင်ကျား (မအူပင်)

**"သံနှင့်စပ် အပ်နဲ့ပင်မရွယ်ရ"** ဟူသော စကားကို မြန်မာတို့သည် ကလေးဘဝ၌ပင် နားယဉ်နေသော စကားဖြစ်၏။ ငယ်စဉ်က ထိုစကားသည် ထက်သော၊ ချွန်သော၊ စူးရှထိခိုက်နိုင်သော သံသတ္တုဖြင့် ပြုလုပ်သည့် စူး၊ ဆောက်၊ ဓားစသည်တို့ကို သားငယ်၊ သမီးငယ်တို့ကိုင်နေသည်ကိုမြင်လျှင် မိခင်တို့ စိုးရိမ်တကြီးပြောသော စကားဖြစ်၏။ ထိုစကား၏ မူလဇာစ်မြစ်မှာ ပုဂံခေတ်ထိုး မင်္ဂလာစေတီကျောက်စာတွင် ဖော်ပြခဲ့သော (မင်းတို့ကား တမန်ကို မချုပ်ရာ)ဟူသော ကမ္ဗည်းကို ထောက်ခံသောစကားပုံဖြစ်သည်။ **"သံနှင့်စပ် အပ်နဲ့ပင် မရွယ်ရ"**ဟူသော စကား၏ အဓိပ္ပာယ်မှာ သံတမန်တို့နှင့်စပ်လျဉ်းလာလျှင် ၎င်းတို့အား အန္တရာယ်ပြုဖို့၊ ဖမ်းဆီးချုပ်နှောင်ဖို့၊ ထိပါးတိုက်ခိုက်ဖို့ နေနေသာသာ အပ်ကလေးဖြင့် ရွယ်ဖို့ပင် စိတ်မကူးရ၊ စိတ်မကူးသင့်ဟု ဆိုခြင်းဖြစ်၏။ သံတမန်ကို ဖမ်းဆီးမချုပ်နှောင်ရဟူသော ပထမဆုံး အရေးကြီးသည့် သံတမန်ကင်းလွတ်ခွင့် အခြေခံမှုကို မြန်မာ့လူ့ဘောင်တွင် ရိုးတွင်းခြင်ဆီအထိ လက်ခံထားကြောင်း ဖော်ပြနေလေသည်။

အေဒီ ၈၀၁-၈၀၂ ကပင် မြန်မာနိုင်ငံမှ ပျူမင်းတစ်ပါးသည် နန်ချိုမှ တစ်ဆင့် တရုတ်ပြည်သို့ သံတမန်စေလွှတ်ခဲ့သည်။ ဆွန်မင်းဆက် (Sung Dynasty) လက်ထက်တွင် ပုဂံပြည် ကျန်စစ်မင်းထံမှ သံအဖွဲ့ စေလွှတ်ခဲ့ရာ တရုတ်ပြည်ကကောင်းစွာကြိုဆို၍ ထီးဆောင်းမင်းတို့နှင့် လျော်သော အဆောင်အယောင် အခမ်းအနား အပြည့်အစုံဖြင့် ဧည့်ဝတ်ပြုခဲ့၏။ ဗုဒ္ဓဂယာရှိ သာသနိက အဆောက်အအုံများ ပြင်ဆင်မွမ်းမံရန်လည်း ကိုယ်စားလှယ်များ စေလွှတ်ခဲ့ဖူးသည်။ အလားတူ သီဟိုဠ်နိုင်ငံသို့လည်း ဘုရားဖူးနှင့်ကုန်သည်များ သွားရောက်ခြင်းကို အားပေးခဲ့၏။

မြန်မာတို့၏ အဋ္ဌာရသ(၁၈)ရပ်၌ 'ကေတု'ဟူသော သံတမန်အတတ်သည်လည်း ပညာရပ်တစ်ခုအဖြစ် ပါဝင်ရာ မြန်မာတို့သည် မည်သည့်အခါကမျှ အဓိကကျသော သံတမန်ဓလေ့ထုံးတမ်းတို့နှင့် မကင်းဝေးခဲ့ချေ။ မြန်မာနိုင်ငံသည် အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရားတို့လက်ထက်၌ ကျယ်ပြန့်သော နိုင်ငံတော်ကို စည်းရုံးသိမ်းသွင်း တည်ထောင်နိုင်ခဲ့သည်။ ထိုကာလများ၌ သီရိလင်္ကာ၊ အာသံ၊ မဏိပူရ၊ ဘင်္ဂလား၊ အိန္ဒိယ၊ တရုတ်၊ လင်းဇင်း(လာအို)၊ ဇင်းမယ်၊ အယုဒ္ဓယ(ထိုင်း)၊ အာနမ်နှင့် ချမ်ပါ(ဗီယက်နမ်)၊ ယွန်း(ကမ္ဘောဒီးယား)၊ မလေးစသည်တို့နှင့် နိုင်ငံရေး၊ သံတမန်ရေး၊ ယဉ်ကျေးမှုတို့အရ ကူးလူးဆက်ဆံခဲ့ကြသည်။

ဘုရင့်နောင်လက်ထက်တွင် သီဟိုဠ်နှင့် ပေါ်တူဂီပိုင် ဂိုအာသို့ သံအဖွဲ့ စေလွှတ်ခဲ့သည်။ စွယ်တော်နှင့်မြသပိတ်ကိစ္စ၊ အရောင်းအဝယ်ကိစ္စတို့ပါ၏။ အိန္ဒိယနိုင်ငံ မွန်ဂိုဧကရာဇ် အက္ကဘာ(Akbar) ထံသို့ သံအဖွဲ့ စေလွှတ်ခဲ့ဖူး၍ အက္ကဘာဘုရင်ထံမှလည်း လက်ဆောင်ပဏ္ဏာနှင့်စာများရရှိခဲ့ဖူး၏။ အနောက်ဘက်လွန်မင်း လက်ထက်တွင် ဂိုအာမြို့ရှိ ပေါ်တူဂီဘုရင်ခံထံသို့ သံစေလွှတ်ခဲ့ဖူးသည်။ အနောက်ဘက်လွန်မင်းက သန်လျင်ကို ခြေကုပ်ယူ နယ်ချဲ့ခဲ့သော ပေါ်တူဂီလူမျိုး ဒီဘရစ်တိုကို ချေမှုန်းအပြီးဖြစ်သည်။

ဘုရင့်နောင်၊ တပင်ရွှေထီး၊ နန္ဒဘုရင်နှင့် အနောက်ဘက်လွန်မင်းတရားတို့ နန်းသက်များတွင် အနောက်နိုင်ငံတို့မှ ကုန်သည်များ၊ သာသနာပြုများ၊ စွန့်စားရေးသမားခရီးသည်များသည် သန်လျင်၊ ပဲခူး၊ မုတ္တမ၊ သထုံ၊ မြိတ်၊ ထားဝယ်၊ ပုသိမ်၊ ရခိုင်စသည့် ကမ်းရိုးတန်းဒေသများကို အရောက်အပေါက် များလာလေသည်။ ၁၅၁၁ ခုနှစ်တွင် ပေါ်တူဂီရေတပ်ဗိုလ်ချုပ် ဒွန်အယ်လ်ဖွန်ဆေးသည် ပဲခူးဘုရင်နှင့် အဆင်ပြေသဖြင့် ၁၅၁၆ခုနှစ်တွင် ပေါ်တူဂီတို့ မုတ္တမ၌ကုန်သွယ်ရေးကိုယ်စားလှယ် သံရုံးဖွင့်ခွင့်ရခဲ့သည်။ ထိုအချိန်မှစ၍တဖြည်းဖြည်း ဒတ်(ချ်)၊ပြင်သစ်၊ အင်္ဂလိပ်တို့နှင့် ပုံစံအမျိုးမျိုးဖြင့် အဆက်အသွယ်များ များပြားလာခဲ့၍ အလောင်းဘုရားတည်ထောင်သည့် ကုန်းဘောင်ခေတ်ဘုရင်များ လက်ထက်၌မူ နိုင်ငံရေး၊ သံတမန်ရေး ဆက်သွယ်မှုများသည် အထွတ်အထိပ်သို့ တိုးမြင့်ရောက်ရှိလာခဲ့လေသည်။ မြန်မာနိုင်ငံ၏ ထီးနန်းတည်မြဲရေး၊ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေး မဆုံးရှုံးစေရေးအတွက် နိုင်ငံရေး၊ သံတမန်ရေးအရ လေဆန်၊ ရေဆန်လှော်ရသကဲ့သို့ အခက်အခဲ အကျပ်အတည်းဆုံး အချိန်ကို ရင်ဆိုင်ခဲ့ရလေသည်။

မြန်မာမင်းများလက်ထက်က တစ်မင်းနှင့်တစ်မင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်ဆံရေးတာဝန်ပေးခြင်း ခံရသူကို တမန်အမတ်ဟု ခေါ်သည်။ အမတ် ၁၄ ပါး၌ တစ်ပါးအပါအဝင်ဖြစ်သော တမန်ကို ငါးမျိုးခွဲခြားထား၏။ **(၁) တမန်တော်၊ (၂) သံတော်၊ (၃) တံဆေးတော်၊ (၄) သံ့သေးတော်၊ (၅) မင်းစေတော်**တို့ ဖြစ်၏။

မြန်မာ့တမန်မှုတွင် **(က) နရပတိစည်သူမင်း၏ ဆရာတော် သျှင်ဓမ္မသီရိရေးသည့် အရမ္မဒူတေယျ မြန်မာတမန်မှုကျမ်း။ (ခ) စတုရင်္ဂအမတ်ကြီးက မိုးညှင်းမင်းတရားထံ လျှောက်တင်သော တမန်ငါးပါးလင်္ကာ။ (ဂ) မုံရွေးဆရာတော် မုံရွေးမှတ်စုတွင်ပါသော တိုင်းရေးပြည်ရေးနှင့်စေသောတမန်ငါးပါးဖွင့်ဆိုချက်။ (ဃ) ပုဂံမင်းအား စလေဆရာကြီးဦးပုည သီကုံးတင်ဆက်သော တမန်ငါးပါး ဖွင့်ဆိုချက်တေးထပ်။ (င) ကင်းဝန်မင်းကြီး ပိဋကတ်တိုက် ပုရပိုက်မူပါ တမန်ငါးပါးတေးထပ်နှင့်(စ) မင်းကြီးမဟာသီရိဇေယျသူ၏ ကဝိလက္ခဏာဒီပနီကျမ်းတွင်ပြသော ရာဇသံစာတမ်းပေါင်းများအရ တမန်ငါးပါးစသည်တို့သည် ကိုးကား လိုက်နာရသော ရှေးခေတ်သံတမန်ဥပဒေသများဖြစ်၏။**

ကုန်းဘောင်ခေတ်တွင် အနောက်နိုင်ငံများသို့ ရောက်ဖူးပြီး အနောက်နိုင်ငံ သံခင်း၊ တမန်ခင်းဆိုင်ရာ နည်းစနစ်နှင့် ဓလေ့ထုံးစံတို့ကို ကျွမ်းကျင်တတ်သိသော ဝန်ကြီး၊ မှူးကြီး၊ သံကြီး၊ တမန်ကြီးများ ပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် ဘုရင်၏အမိန့်အရ အနောက်နိုင်ငံများတွင် ကျင့်သုံးသည့် သံတမန်အမျိုးအစား ခွဲခြားပုံနှင့် မြန်မာတို့ အစဉ်အလာ ခွဲခြားပုံကို လေ့လာဆန်းစစ်ပြီး **"သိုးဆောင်းနိုင်ငံသံတမန်စာတမ်း"** အမည်ဖြင့် အစီရင်ခံစာတစ်ရပ် တင်သွင်းခဲ့ဖူးသည်။

သိုးဆောင်းနိုင်ငံ သံတမန်စာတမ်းကို ဘုရင်ထံ တင်သွင်းရန် တာဝန်ပေးအပ်ခြင်းခံရသော မြန်မာသံတော်ကြီးများမှာ **(၁) နိုင်ငံခြားဝန်ကြီး မင်းကြီးမဟာမင်းလှကျော်ထင်၊ (၂) နိုင်ငံခြားဝန်ထောက်မင်းကြီး မဟာမင်းကျော်ရာဇာ၊ (၃) မင်းကြီးမဟာသီရိဇေယျသူ၊ (၄) မင်းကြီးသီရိမဟာနန္ဒကျော်ထင်၊ (၅) ကုလားစုဝန်စု နိုင်ငံခြားဆိုင်ရာမင်းကြီး မဟာမင်းခေါင်ရာဇာ၊ (၆) မင်းကြီး မင်းလှမဟာဇေယျသင်္ကြံ၊ (၇) မင်းကြီးမင်းလှမဟာစည်သူကျော်၊ (၈) မင်းကြီး မင်းထင်မဟာစည်သူ၊ (၉) မဟာမင်းလှသင်္ခယာ၊ (၁၀) မဟာမင်းလှရာဇာ၊ (၁၁) နေမျိုးမင်းထင်သူရိန်နှင့် (၁၂) နေမျိုးမင်းလှရာဇာ**တို့ဖြစ်သည်။

"သိုးဆောင်းနိုင်ငံ သံတမန်စာတမ်း"တွင် အနောက်နိုင်ငံစနစ်အရ တမန်လေးမျိုးကို မြန်မာ့စဉ်လာ တမန်ငါးမျိုးနှင့်ယှဉ်၍ အဆင့်ဆင်တူညီမျှမှုကို ဖွင့်ဆိုရှင်းလင်းထားလေသည်။ သံတမန် အဆင့်အတန်းအလိုက် မည်သည့်အမျိုးအစားသည် မင်းခမ်းမင်းနား ပရိတိုကောအရ မည်သည့်အဆင့်၌ နေရာယူရသည်ကိုလည်း ဖော်ပြထားသည်။ အနောက်နိုင်ငံနှင့် မြန်မာနိုင်ငံ ကွဲပြားခြားနားပုံကိုလည်း ရှင်းလင်းထားသည်။

မြန်မာ့တမန်မှုများတွင် သံခင်းတမန်ခင်းကိစ္စ ဤမျှခိုင်မာစွာရှိပါလျက် ၁၇၉၇ ခုနှစ်၌ မြန်မာနိုင်ငံ အင်္ဂလိပ်သံအဖွဲ့တစ်ဖွဲ့ကို ခေါင်းဆောင်၍ လာဖူးခဲ့သော ကပ္ပတိန်ကောက်စ် (Capt Cox)သည် မြန်မာတို့အပေါ် ခါးခါးသီးသီး ကောက်ချက်ချခဲ့ဖူးသည်။ မြန်မာတို့သည် မည်သည့်သံတမန်မှ ကြုံတွေ့ဖူးမည်မဟုတ်ကြောင်း၊ ယဉ်ကျေးစွာ ဆက်ဆံမှု မရှိကြောင်း မမှန်မကန် ကောက်ချက်ချဖူးသည်။ မြန်မာတို့သည် သံခင်းတမန်ခင်း ညံ့ဖျင်းသူများမဟုတ်ဘဲ မိတ်သံနှင့်ရန်သံ ခွဲခြားတတ်သူများပင် ဖြစ်လေသည်။

မြန်မာနိုင်ငံတွင် သံတမန်အရာ၌ စံပြုအပ်သော သံကြီးတမန်ကြီးများ ပေါ်ပေါက်ခဲ့သည်။ ရှင်ဒိသာပါမောက္ခ၊ ကင်းဝန်မင်းကြီး၊ သံတော်ကြီး ဦးခြိမ့်၊ စကြိုသူမြတ်နှင့် မဟာပညာကျော်တို့ဖြစ်သည်။ ၁၇၅၅ ခုနှစ် အလောင်းဘုရားထံသို့ အင်္ဂလိပ်တို့၏ အရှေ့အိန္ဒိယကုမ္ပဏီက စေလွှတ်သည့် အင်္ဂလိပ်သံမှူး ဘေကာဆိုသူ ရောက်ရှိလာ၍ အလောင်းဘုရားထံ အခစားဝင်ခဲ့သည်။ အရှေ့အိန္ဒိယကုမ္ပဏီက မြန်မာတို့အား အကူအညီပေးမည်။ ရွှေလမ်း၊ ငွေလမ်းဖောက်မည်ဟု အဓိပ္ပာယ်ရသော အရှေ့အိန္ဒိယကုမ္ပဏီ၏ စာချွန်တော်ကို ဖတ်ပြခဲ့ရာ အလောင်းဘုရားက ရွှေလမ်း၊ ငွေလမ်းဖောက်သည်ကို လက်ခံသော်လည်း အင်္ဂလိပ်တို့၏ အကူအညီကို ငြင်းပယ်ခဲ့ဖူးသည်။ ၁၇၇၅ ခုနှစ်တွင် အင်္ဂလိပ်အရာရှိ လက်စတာ (Lester) အလောင်းမင်းတရားနှင့် လာရောက်တွေ့ဆုံ၍ ပုသိမ်မြို့တွင် အရှေ့အိန္ဒိယ ကုမ္ပဏီဖွင့်ခွင့်ကို ရယူသွားခဲ့သည်။ အလောင်းဘုရားလက်ထက်တွင် အင်္ဂလိပ်တို့က ဟိုင်းကြီးကျွန်းနှင့် ပုသိမ်တွင် အခြေချခွင့်ရရှိသွားခဲ့ပြီး နောင်အခါ အင်္ဂလိပ်တို့က မြန်မာတိုင်းရင်းသားများ၏ စည်းလုံးမှုပြိုကွဲစေရန် သွေးထိုးမြှောက်ပင့်ပေးခဲ့ခြင်း၊ မြန်မာပိုင် ရှင်မဖြူကျွန်းတွင် အင်္ဂလိပ်အလံ စိုက်ထူခြင်းများ ဆက်တိုက် လွန်ကျူးခဲ့လေသည်။

ယခုကာလတွင် ရန်ကုန်မြို့ရှိ အမေရိကန်နှင့် ဗြိတိန်သံရုံးတို့မှ သံတမန်များနှင့် သံရုံးဝန်ထမ်းများသည် ၎င်းတို့ပြန်ကြားရေးဌာနများမှတစ်ဆင့် သင်တန်းများဖွင့်လှစ်ကာ မြန်မာ့ပြည်တွင်းရေး၌ နားလည်မှုများ မှားယွင်းရှုပ်ထွေးအောင် လုပ်ဆောင်နေကြသည်။ နိုင်ငံရေးပါတီတစ်ခု၏ ဌာနချုပ်နှင့် ပြည်နယ်၊ တိုင်းရုံးများသို့ ဥဒဟို ဝင်ထွက် သွားလာပြီး လက်သိပ်ထိုးဆက်ဆံမှုများ ပြုလုပ်နေကြသည်။

၁၉၆၁ ခုနှစ် ဗီယင်နာ သံတမန်ဆက်ဆံရေး စာချုပ်အပိုဒ် ၄၁ တွင် **"အိမ်ရှင်နိုင်ငံ၏ ဥပဒေနှင့်စည်းမျဉ်းတို့ကို သံတမန်တို့ ရိုသေလေးစားရန် တာဝန်ရှိသည်။ အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ရှားရန်လည်း သံတမန်တို့၏ တာဝန်ဖြစ်၏"**ဟု ဆိုထားလေသည်။

"ကေတု"သံတမန်အတတ်နှင့် ဥပါယ်တံမျဉ် လေးပါးဖြစ်သည့် သာမ၊ ဒါန၊ ဘေဒ၊ ဒဏ္ဍဥပါယ်ဟူ၍ ရှိခဲ့ပါသည်။ ဥပါယ်တံမျဉ်လေးပါးရှိသည့်အနက် ဘေဒဥပါယ် စာဏကျအမတ်ကြီး၏ အဋ္ဌာသျှတ္တရနှင့် ကမန္တတီနီတိနှင့် ယောမင်းကြီးဦးဘိုးလှိုင်၏ ရာဇဓမ္မသင်္ဂဟကျမ်းတို့က (ညီညွတ်သော) သင်းပင်းကို ခွဲခြင်းဟု ဖွင့်ဆိုထားလေသည်။ စစ်အေးလွန်ကာလနောက်ပိုင်းတွင် နိုင်ငံတကာ သံခင်းတမန်ခင်းလောက၌ အနောက်အုပ်စု သံတမန်ကြီးများက မိမိတို့၏ သံတမန် လွတ်လပ်ခွင့်ဟူသော အခွင့်အရေး အသုံးချလျက် ဘေဒဥပါယ်မည်သည့် ညီညွတ်သော သင်းပင်းကို ခွဲခြင်းကို ဆောင်ရွက်ခဲ့ကြလေသည်။

ယခုအခါ မွန်မြတ်သန့်စင်သော သံတမန်လုပ်ငန်းသည် ညစ်ထွေး ညှိုးနွမ်းလျက်ရှိလေပြီ။ သံတမန် ဆက်ဆံရေးသည် နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေးတွင် ရှေ့တန်းစစ်မျက်နှာ (First Line Defence) ဖြစ်သည်ဟု ဆိုစကားရှိပေသည်။ ဘေဒဥပါယ်သည် သံတမန် ကျင့်ဝတ်မဟုတ်ကြောင်း သိမြင်ကြမှသာ နိုင်ငံတကာမျက်နှာစာတွင် သံခင်းတမန်ခင်းကိစ္စသည် လူရိုသေ ရှင်ရိုသေဖြစ်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> စစ်အေးလွန် ကာလနောက်ပိုင်းတွင် နိုင်ငံတကာ သံခင်းတမန်ခင်းလောက၌ အနောက်အုပ်စု သံတမန်ကြီးများက မိမိတို့၏ သံတမန် လွတ်လပ်ခွင့်ဟူသော အခွင့်အရေး အသုံးချလျက် ဘေဒဥပါယ်မည်သည့် ညီညွတ်သော သင်းပင်းကို ခွဲခြင်းကို ဆောင်ရွက်ခဲ့ကြ။
>
> ယခုအခါ မွန်မြတ်သန့်စင်သော သံတမန်လုပ်ငန်းသည် ညစ်ထွေး ညှိုးနွမ်းလျက်ရှိ။ သံတမန် ဆက်ဆံရေးသည် နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေးတွင် ရှေ့တန်းစစ်မျက်နှာ (First Line Defence) ဖြစ်သည်ဟု ဆိုစကားရှိ။ ဘေဒဥပါယ်သည် သံတမန် ကျင့်ဝတ်မဟုတ်ကြောင်း သိမြင်ကြမှသာ နိုင်ငံတကာ မျက်နှာစာတွင် သံခင်းတမန်ခင်းကိစ္စသည် လူရိုသေ ရှင်ရိုသေဖြစ်မည်။

❁ သိင်္ဂါလောဝါဒသုတ္တန်မှ

- **ကောင်းသောစိတ်ဖြင့် ဒါယကာ၊ ဒါယိကာမတို့အား စောင့်ရှောက်ကုန်ရာ၏။**
- **မကြားဖူး၊ မသိဖူးသေးသော တရားစကားများကိုလည်း ဟောကြားရာ၏။**
- **ကြားဖူး၊ သိဖူးသော တရားစကားများကိုလည်း ဖြူစင်သန့်ရှင်း တိုးပွားစေရန်အတွက် အဖန်ဖန် အထပ်ထပ် ဟောကြားရာ၏။**
- **နတ်ပြည်နိဗ္ဗာန်သို့ သွားရောက်မည့်ခရီးအား ညွှန်ပြကုန်ရာ၏။**

ဤ ရဟန်းကျင့်ဝတ် (၆)ပါးအား မှတ်သားရလွယ်ကူစေရန်အတွက် သင်္ဂဇာ ဆရာတော်ကြီးက အောက်ပါ လင်္ကာဖြင့် ဖွဲ့ဆိုခဲ့ပါသည်–

**မကောင်းမြစ်တာ၊**
**ကောင်းရာညွှန်လစ်၊**
**အသစ်ဟောကျူး၊**
**နာဖူးထပ်မံ၊**
**နတ်ထံတင်ရာ**
**မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွန်သေချာ။**

မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာစည်ပင်ပြန့်ပွား၊ တည်တံ့ခိုင်မြဲနေခြင်းမှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များကို မလိုအပ်ဟူ၍ နုတ်ပယ်ခြင်းလည်းမရှိ၊ ကာလဒေသနှင့် ကိုက်ညီအောင်အကြောင်းပြ၍ ထပ်မံဖြည့်စွက်ခြင်းလည်းမရှိဘဲ ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့သည့်အတိုင်း တိတိကျကျ လိုက်နာစောင့်ထိန်းသည့် ထေရဝါဒဗုဒ္ဓဘာသာ ဟူသော ဘုရားဟောကြား ကျမ်းဂန်စစ်စစ်များကို ရဟန်းသံဃာတော်များက တိတိကျကျ လိုက်နာစောင့်ထိန်းခဲ့ခြင်းကြောင့် စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာ မြန်မာနိုင်ငံ၌ တည်ရှိနေခြင်းဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော်ကို ပရိယတ္တိ၊ ပဋိပတ္တိတို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်လေကြကုန်သော အင်အားငါးသိန်းခန့်ရှိသည့် ရဟန်းသံဃာတော်အပေါင်းကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းနေကြသည့် ဒါယကာ၊ ဒါယိကာတို့၏ သဒ္ဓါတရားသည်လည်း အံ့မခန်းနိုင်ပါပေ။

ထိုကဲ့သို့ ဒါယကာ၊ ဒါယိကာမများသည် ရဟန်းသံဃာတော်များအား ကြည်ညိုလေးစား သဒ္ဓါပွားရသည့် အကြောင်းတရားသည်ကား ဒါယကာ၊ ဒါယိကာများ လောကဓံတရားနှင့် တွေ့ကြုံရ၍ စိတ်ဖိစီးမှုဒဏ်ခံရသော အခါ ရဟန်းတော်များက တရားရေအေးတိုက်ကျွေးခြင်းဖြင့် သောကကင်းပျောက်၍ စိတ်ချမ်းသာမှုကို ရောက်ရှိစေခဲ့ပါသည်။ လောဘလွန်ကျူးသော သူကိုလည်း ဒါနပြုစေခြင်းဖြင့် လောဘကို ကန့်သတ်ပေးနိုင်ခဲ့ပါသည်။ ဒေါသကြီးသူကိုလည်း မေတ္တာဟူသော ဓမ္မတရားဖြင့် ဖြည့်ဆည်းဟန့်တား ပြေပျောက်စေပါသည်။

ဤကဲ့သို့ ဒါယကာ၊ ဒါယိကာမများ၏ စိတ်လိုအပ်ချက်ကို ရဟန်းသံဃာတော်များဘက်မှ ဖြည့်ဆည်းပေးနိုင်ခြင်းကြောင့် ဒါယကာ၊ ဒါယိကာမများဘက်မှလည်း ရဟန်းသံဃာ မည်မျှပင် များစေကာမူ အခက်အခဲမရှိ လှူဒါန်းထောက်ပံ့နေခြင်းစသည့် ဆရာဒကာ လက်တွဲညီစွာ သာသနာတော်ကို ပြုစုစောင့်ရှောက်နေခြင်းသည် ပင်လျှင် ဗုဒ္ဓသာသနာတော်ကြီး အရှည်ခန့်၍ တည်တံ့စေရန် အကြောင်းတရားဖြစ်ပါပေသည်။

**(သာသနာရေး)**





# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် "သဒ္ဒါသုမနဇာတ်တော်ကြီး" ရုပ်သေးပြိုင်ပွဲ တတိယနေ့ ရန်ကုန်တိုင်းမှ "အောင်စည်တော်ရုပ်စုံ" အမြင့်သဘင် ဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၃

**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "သဒ္ဒါသုမန ဇာတ်တော်ကြီး" ရုပ်သေးပြိုင်ပွဲကို ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ တတိယနေ့အဖြစ် ရန်ကုန်တိုင်းမှ "အောင်စည်တော်ရုပ်စုံ" အမြင့်သဘင်အဖွဲ့ ဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်ရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေးသည်။**

**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် "သဒ္ဒါသုမနဇာတ်တော်ကြီး" ရုပ်သေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ အောင်စည်တော်ရုပ်စုံအမြင့်သဘင်အဖွဲ့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။**

(အပေါ်ပုံ) (သတင်းစဉ်)

## လာရောက်ကြည့်ရှုအားပေး

အဆိုပါ ရုပ်သေးပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်ရာသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ (၁၄)ကြိမ်မြောက် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယကအဖွဲ့ဝင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွှန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေး မှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့ များမှ မိသားစုများ၊ နေပြည်တော်သို့ လေ့လာရန်ရောက်ရှိနေသော ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပျဉ်းမနားခရိုင်နှင့် ရမည်းသင်း ခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ မြန်မာ့ရုပ်သေးအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

## ဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်

အဆိုပါ ရုပ်စုံအမြင့်သဘင်တွင် အုပ်ချုပ်သူ ဇာတ်ညွှန်း တက္ကသိုလ် ခင်မောင်တင့်၊ ဒါရိုက်တာ ဒေါ်ဝင်းဝင်းမြင့်၊ ဆို၊ ငို၊ ပြော၊ ကြိုးဆွဲပညာရှင်များ ဖြစ်ကြသော ဦးဒေါင်းယဉ်၊ ဦးကြည်၊ ဒေါ်ဝင်းဝင်းမြင့်၊ မမေခင်မောင်တင့်၊ မသဇင်ခင်မောင်တင့်၊ မခင်မြသွယ်၊ ယဉ်ကျေးမှုအောင်ဟိန်း၊ ရွှေဂျိုးဖြူ ကြည်ကြည်ဝင်း၊ ရွှေကျွန်းပေါ်လာ၊ ဦးယက်ဖောက်၊ ဦးကျော်စိုး၊ ဦးဗိုလ်ဗိုလ် ခင်မောင်တင့်နှင့် ဦးသန့်ဇော်တို့က စိန်လှမြိုင်ဆိုင်းအဖွဲ့နှင့်တွဲဖက်၍ ဖျော်ဖြေ တင်ဆက်ယှဉ်ပြိုင်ကြသည်။

"သဒ္ဒါသုမနဇာတ်တော်ကြီး"အား ပြန်လည်ဖော်ထုတ်တင်ဆက်ရခြင်းဖြင့် ကောင်းသော အကျင့်စရိုက်ကိုယူ၍ သဒ္ဒါတရားတိုးပွားစေရန်၊ ကိုးကွယ် ဆည်းကပ်မှုဆိုင်ရာ လောကတရား၌ အမှားနှင့်အမှန်ကို ခွဲခြားဆုံးဖြတ် သိမြင်စေရန်နှင့် လူ့သဘာဝစရိုက်ကို သိမြင်၍ ဆင်ခြင်တုံတရားဖြင့် ခွဲခြားဆုံးဖြတ်တတ်စေရန် ရည်ရွယ်ချက်ဖြင့် ကပြခြင်းဖြစ်သည်။

အောက်တိုဘာ ၂၄ ရက်တွင် မန္တလေးတိုင်းမှ ရတနာပုံရုပ်စုံသဘင်အဖွဲ့ ဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လာရောက်ကြည့်ရှုကြသော ပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် သက်ဆိုင်ရာက မော်တော်ယာဉ်များ စီစဉ်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၂ ရက်တွင် ပျဉ်းမနားခရိုင် လယ်ဝေးမြို့သို့ ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံရာတွင် စစ်မှုထမ်းဟောင်းအဖွဲ့ကို ကျစ်ကျစ်လျစ်လျစ် ခိုင်ခိုင်မာမာ စည်းရုံးဖွဲ့စည်းသွားရန်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် တို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ရှင်းလင်း မှာကြားသည်။

(သတင်းစဉ်)

# အင်းလေးဓမ္မာရုံ ကထိန်သင်္ကန်းကပ်လှူပွဲ

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်ရောက် အင်းလေးသူ၊ အင်းလေးသားများ၏ ပထမအကြိမ် စုပေါင်းမဟာဘုံကထိန် သင်္ကန်း ကပ်လှူပူဇော်ပွဲကို ရွှေတိဂုံဘုရား လမ်းရှိ အင်းလေးဓမ္မာရုံ၌ အောက်တိုဘာ ၂၉ ရက်၊ တန်ဆောင်မုန်း လဆန်း ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးညီညီ ဖုန်း– ၀၉–၅၁–၆၉၆၆၁၊ ဦးဇော်ဇော် ဖုန်း– ၀၉–၅၂–၁၁၄၀၈၊ ဦးဝင်းဆွေ ဖုန်း– ၃၈၆၇၉၃၊ ဦးစံလင်း ဖုန်း–၆၆၄၈၄၂ နှင့် အင်းလေးဓမ္မာရုံတို့တွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သိရသည်။

(က–ပ)





**အမှာစကား ပြောကြား**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ပုလောတပ်နယ်မှ အရာရှိစစ်သည်များအား အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# မိုးစပါး၊ နွေစပါး ပန်းတိုင်အထွက်နှုန်းသီးနှံများ လျာထားချက်ကျော်လွန်အောင် ဆောင်ရွက် ဒေသဝမ်းစာ ဖူလုံရေးအတွက် စပါးတစ်ဧကေ အထွက်နှုန်းတိုးရေးသာမက စိုက်ဧရိယာတိုးချဲ့ရေး မြေယာဖော်ထုတ် လယ်ယာကဏ္ဍ ခေတ်မီတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် စက်ကိရိယာများအသုံးပြု

နေပြည်တော် အောက်တိုဘာ ၂၃

**တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် မြိတ်မြို့မှ မြိတ်–ပုလော–ထားဝယ် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ပုလောမြို့နယ် မန်ကျည်းကုန်းကျေးရွာ၌ ကျင်းပသော မိုးစပါးခေါင်နှံမျိုးရွေးချယ်နည်းနှင့် မျိုးကွဲစုပေါင်း နုတ်ပယ်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးသည်။**

အစီအစဉ်အရ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းက မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးဆောင်ရွက်မှု၊ မြေယာတိုးချဲ့ဖော်ထုတ်မှုနှင့် နွေစပါးစိုက်ပျိုးရန် ကြိုတင်စီစဉ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးတင်အောင်မြင့်က စပါးအထွက်နှုန်း တိုးတက်မြင့်မားစေသော ခေါင်နှံရွေးချယ် စိုက်ပျိုးခြင်း၏ အကျိုးတရားများနှင့် ခေါင်နှံရွေးချယ် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက တနင်္သာရီတိုင်းအနေဖြင့် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် မိုးစပါးဧက ငါးသိန်း စိုက်ပျိုးဆောင်ရွက်နေမှုနှင့် အထွက်နှုန်း ကောင်းမွန်ရေးအတွက် စိုက်ပျိုး နည်းစနစ်မှန်ကန်အောင် ဆောင်ရွက်ကြရေးတိုက်တွန်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် တနင်္သာရီတိုင်း အနေနဲ့ လယ်ယာကဏ္ဍ တိုးတက်ရေးအတွက် ယခုနှစ်တွင် မိုးစပါး ဧက ငါးသိန်းနှင့် နွေစပါး ဧက ငါးသောင်း စိုက်ပျိုးရေး ဆီအုန်းဧက ငါးသိန်း၊ ရော်ဘာဧက နှစ်သိန်း ပြည့်မီရေး၊ ခြံစည်းရိုးကြက်ဆူဧက ငါးသိန်းစိုက်ပျိုးရေး၊ ငရုတ်ကောင်း ၃၆၀၄၁ ဧက စိုက်ပျိုးရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## ဆောင်ရွက်

တိုင်းအတွင်း ဒေသဝမ်းစာဖူလုံရေးအတွက် စပါးတိုးတက်ထုတ်လုပ်ရေး ဆောင်ရွက်ရာမှာ မိုးစပါး၊ နွေစပါး အပါအဝင် ပန်းတိုင်အထွက်နှုန်းသီးနှံများကိုလည်း လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် နည်းလမ်း လေးသွယ်ဖြစ်သည့် သီးနှံအလိုက် စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးများသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာများ ပေါင်းစပ်သုံးစွဲရေး၊ ရေတော် မိုးတော်စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေးတို့ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဒေသဝမ်းစာ ဖူလုံရေးအတွက် စပါးတစ်ဧကေ အထွက်နှုန်းတိုးတက်ရေးသာမက စိုက်ဧရိယာ တိုးချဲ့ရေးအတွက် မြေယာဖော်ထုတ်ရေးကိုပါ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊မြေယာဖော်ထုတ်ခြင်းကို လုပ်မြေဖော်ထုတ်ခြင်း၊ မြေရိုင်းဖော်ထုတ်ခြင်း၊ တာပတ်ခြင်းနှင့် ဓနိမှ စပါးပြောင်းစိုက်ခြင်း၊ တောင်ယာစိုက်ပျိုးခြင်း၊ ကုန်းမြင့်လယ်ယာဖော်ထုတ်ခြင်း၊ သီးညှပ်စိုက်ပျိုးခြင်း၊ နည်းလမ်း ခုနစ်သွယ်ဖြင့် လျာထားဧကေ ပြည့်မီရန်သတ်မှတ်ချိန်အတွင်း ဖော်ထုတ်သွားရမည်ဖြစ်ကြောင်း။

လယ်ယာကဏ္ဍ ခေတ်မီတိုးတက်ရေးအတွက်လည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် စက်ကိရိယာများ အသုံးပြုပြီး မြေယာပြုပြင်ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်းများလည်း ကြိုးပမ်းဆောင်ရွက် သွားရမည်ဖြစ်ကြောင်း။ ထို့အပြင် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေးသည်လည်း အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည့်အတွက် လူတိုင်းတာဝန်ကိုယ်စီဖြင့် သတ်မှတ်ဧကေ ပြည့်မီအောင် ဆောင်ရွက်ကြပါရန်နှင့် ကျေးရွာအလိုက် တာဝန်ယူဆောင်ရွက်သလို ကုမ္ပဏီများ လူထုလူတန်းစား အဖွဲ့အစည်းများကလည်းအားစိုက်ပါဝင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် သရုပ်ပြစိုက်ခင်း၌ စိုက်ပျိုးထားသော ဆင်းသွယ်လတ်၊ ကျော်ဇေယျနှင့် ရွှေဝါထွန်း စပါးခင်းများအတွင်း မျိုးကွဲစုပေါင်းနုတ်ခြင်း၊ သတ်မှတ်စိုက်ပေါင်များ၌ ခေါင်နှံမျိုးစိုက်ပျိုးခြင်း သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး နိုင်ငံတော်၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သော စပါးစိုက်ပျိုးမှုကို တိုးချဲ့ဆောင်ရွက်သွားရေး၊ စပါးသီးနှံလေလွင့်မှုကို သက်သာစေသော မောင်းညိုချိန်တွင် စပါးရိတ်သိမ်းသွားရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပုလောတပ်နယ် စုဝေးခန်းမ၌ အရာရှိစစ်သည်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်–ပုလော–ထားဝယ် ကားလမ်း အတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး လမ်းတစ်လျှောက်ရှိ မိုးစပါးနှင့်ရော်ဘာစိုက်ခင်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် လမ်း၊ တံတား အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မြိတ်–ပုလော–ထားဝယ်လမ်း၌ လမ်းပိုင်းအချို့ ပြန်လည်ပြုပြင်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများအား မေးမြန်းဆွေးနွေးမှာကြားပြီး ဆက်လက်ထွက်ခွာကြရာ ထားဝယ်မြို့သို့ ညနေ ၆နာရီတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)



# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့် ကားလမ်းအတွက်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၃**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်တွင် ဆောင်ရွက်လျက်ရှိသော ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့် တောင်တက်မော်တော်ကားလမ်းတို့အတွက် အလှူငွေကျပ် ၁၅၀၀၀၀ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝေဠုဝန်တိုက်သစ်နေ အလှူရှင် ဦးသိမ်းဇော်–ဒေါ်သန်းသန်းနွယ်၊ သား၊ သမီးများနှင့် မြေးလေး မောင်မြတ်သုတနိုင်–မိသားစုက နှစ်ဖက်သောမိဘများဖြစ်ကြသော ဦးဘစိန်–ဒေါ်မြရင်နှင့် ဦးဘညွန့်–ဒေါ်ကံရှိတို့အားရည်စူး၍ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ အကျိုးဆောင် ဦးဆန်းထံ အောက်တိုဘာ ၂၂ရက်က လှူဒါန်းသည်။ **(အပေါ်ပုံ)**

အလားတူ လှူဒါန်းလိုသူစေတနာရှင်များသည် ဦးဆန်း၊ အမှတ်(၂၁)၊ ပန်းခြံလမ်း (စမ်းချောင်းမီးသတ်အနီး) စမ်းချောင်းမြို့နယ် ရန်ကုန်မြို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၄–၁၀–၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- **၇း၀၀** ၁။ မြဝတီအဖွင့်
- **၇း၀၅** ၂။ အဖွင့်သီချင်း
- **၇း၂၀** ၃။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇း၃၀** ၄။ မြန်မာသံစဉ်ချိုနှားဝင်
- **၇း၄၀** ၅။သာယာသီကြွေးခေတ်ဆန်းတေး
- **၇း၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇း၅၀** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈း၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈း၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈း၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈း၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- **၄း၀၀** ၁။ မြဝတီအဖွင့်
- **၄း၀၅** ၂။ အဖွင့်သီချင်း
- **၄း၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄း၁၅** ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- **၄း၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၄း၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅း၂၅** ၇။ ပညာခေတ်
- **၅း၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆း၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆း၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆း၂၀** ၁၁။ မိုးလေဝသသတင်း
- **၆း၃၀** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆း၄၀** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇း၀၀** ၁၄။ **ရုပ်မြင်သံကြားဇာတ်လမ်း "သားကောင်းမိခင်"(အပိုင်း–၂) (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း လွင်မိုး၊ နေတိုး၊ ထွန်းထွန်း၊ စိုင်းစိုင်းခမ်းလှိုင်၊ စိုးမြတ်သူဇာ၊ ပုလဲဝင်း၊ ပန်းဖြူ၊ သက်မွန်မြင့် ဒါရိုက်တာ အကယ်ဒမီပန်းချီစိုးမိုး**
- **၈း၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘက်မတူတဲ့တက်လူ" (အပိုင်း–၁၆)**
- ၁၉။ သင့်အတွက်မနက်ဖြန်
- ၂၀။ အပိတ်နှုတ်ဆက်စကား
- ၂၁။ ပြီးပါပြီ။



**မလေးရှားနိုင်ငံ Formosa Prosonic Industries s/p မှ မြန်မာဝန်ထမ်းများက ဇဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ တိုးချဲ့ဆေးရုံအဆောက်အအုံအတွက် အလှူငွေကျပ် ခုနစ်သိန်းတစ်သောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘညာဏ်(ငြိမ်း) လက်ခံယူစဉ်။**

(က–ပ)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (အပေါ်ပုံ) နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (ယာပုံ) (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၃

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်** Chief of General Staff, General Liang Guanglie **ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ ညနေ ၅နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Guan Mu၊ စစ်သံမှူး Senior Colonel Fan Lian Feng တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)





ဒုတိယတပ်မတေ

တရုတ်ပြည်သူ့လ

နေပြည်

**ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိ**
**ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗို**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်**
**ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည်**
**အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြ**

ရှေးဦးစွာ ဧည့်သည်တော် တရုတ်ပြ
Chief of General Staff, General L
ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေ
ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့
အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်
ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီး



## ဒုတိယဗိုလ်ချုပ်မှူး ကြီး
## တရုတ်ပြည်သူ့ လွတ်မြောက်
## ချစ်ကြည်ရေး ကိုယ်စားလှ
## ဂုဏ်ပြုညစာ စားပွဲဖြင့် တည

နေပြည်တော် အောက်တိုဘာ ၂၃

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်**
**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိ**
**တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်** Chief of General Staff, General
**ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ညပိုင်းတွင် နေပြည်တော်ရှိ ကာ**
**ရိပ်သာ၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။** (ဝဲပုံ)

အဆိုပါ ဂုဏ်ပြုညစာ စားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့
ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိ
စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့
ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း
ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်၊ ဒုတိယဗိုလ်ချု
ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိ
ဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်
လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အ
ဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြ
H.E.Mr. Guan Mu ၊စစ်သံမှူး Senior Colonel Fan Lian Feng နှင့် တာ

ဂုဏ်ပြုညစာ စားပွဲ၌ ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွ
အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။



## ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား

# နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော်　　အောက်တိုဘာ　　၂၃

**ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်** Chief of General Staff, General Liang Guanglie **ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြင်ဦးလွင်မြို့နှင့် မန္တလေးမြို့များ၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ယနေ့နံနက် ၈နာရီ ၄၅မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြင်ဦးလွင်မြို့သို့ ထွက်ခွာသွားကြသည်။**

ရှေးဦးစွာ ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ဟိုတယ်ဇုန်မှ မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြင်ဦးလွင်မြို့သို့ ထွက်ခွာသွားကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Chief of General Staff, General Liang Guanglie အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)



# ...ိုလ်ချုပ်မှူးကြီးမောင်အေး ...ဦသူ့လွတ်မြောက်ရေးတပ်မတော် ...ရေး ကိုယ်စားလှယ်အဖွဲ့ အား ...စာ စားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော်　　အောက်တိုဘာ　　၂၃

**...င်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ...ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ...ရေးတပ်မတော်** Chief of General Staff, General Liang Guanglie **ဦးဆောင်သော ...ဖွဲ့အား ယမန်နေ့ညပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင် ...ဖြင့် တည်ခင်းဧည့်ခံသည်။** (ဝဲပုံ)

...စားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ...ရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)၊ ...ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ...ယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ...တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေး ...ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေး ...ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာ ...ရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားရေး ဝန်ကြီး ...ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ...း Senior Colonel Fan Lian Feng နှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။ ...ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ...ာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

(သတင်းစဉ်)

# မုံရွာမြို့၌ ဖုန်းနံပါတ်များ ပြောင်းလဲအသုံးပြုမည်

**ရန်ကုန်　　အောက်တိုဘာ　　၂၃**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက စစ်ကိုင်းတိုင်း မုံရွာမြို့၌ ဂျီအက်စ်အမ် မိုဘိုင်းဖုန်းစနစ်ကို ၀၉-၅၃၃xxxx နံပါတ်ဖြင့် သတ်မှတ်အသုံးပြုလျက်ရှိပြီး လက်ရှိ တပ်ဆင်အသုံးပြုနေသည့်စနစ်ကို စက်ပစ္စည်းအသစ်များဖြင့် အစားထိုး တပ်ဆင်သွားမည်ဖြစ်ရာ အောက်တိုဘာ ၂၅ရက်မှ စ၍ ၀၉-၅၃၃xxxx နံပါတ်မှ ၀၉-၂၁၃xxxx နံပါတ်သို့ ပြောင်းလဲ အသုံးပြုသွားမည်ဖြစ်သည်။ ထိုသို့ ပြောင်းလဲအသုံးပြုရာတွင် သုံးစွဲသူများအဆင်ပြေစေရန် စတင်ပြောင်းလဲသည့်နေ့ရက်မှ တစ်လအထိ အဝင်ခေါ်ဆိုမှုများကို နံပါတ်ဟောင်းမှ နံပါတ်သစ်သို့ အလိုအလျောက် လွှဲပြောင်းပေးထားမည် ဖြစ်သည်။ ၀၉-၅၃၃ xxxxနံပါတ်ဖြင့် ဂျီအက်စ်အမ် မိုဘိုင်းဖုန်းအသုံးပြုနေသူများ၏ SIM ကတ်အဟောင်းများကို ကတ်အသစ်များဖြင့် မုံရွာမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လက်ထောက်အထွေထွေမန်နေဂျာရုံး၌ တစ်လအတွင်း လာရောက်လဲလှယ်ကြပါရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အသိပေး ကြေညာထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၄-၁၀-၂၀၀၆ (အင်္ဂါနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | အခြေခံဘော်လီဘောကစားနည်း နည်းစနစ်များ(အပိုင်း-၁) |
| ၇း၁၅ | တေးဂီတအစီအစဉ် |
| ၇း၂၀ | ပေါ့ပါးလျှင်မြန် မြန်မာ့ဂျစ်ဟန် |
| ၇း၃၀ | Sunday Talk |
| ၈း၂၀ | တေးဂီတအစီအစဉ် |
| ၈း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၃၅ | ဂက်(စ်)မီးဖိုနှင့် ဖြစ်တတ်သော အန္တရာယ်များ |
| ၈း၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၈း၄၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၉း၀၀ | တေးဂီတအစီအစဉ် |
| ၉း၀၅ | ရွှေစက်တော်ဘေးမဲ့တော |
| ၉း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၁၅ | မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး |
| ၉း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅ | Movie Talk (သရုပ်ဆောင် ဒါရိုက်တာ သတိုးစောနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁) |
| ၁၀း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၁၀း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၅၅ | ဖက်ရှင်အလှနေ့စဉ်ဘဝ (အပိုင်း-၁) |
| ၁၁း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | အသည်းခြောက်ရောဂါနှင့် ပင့်ကူမျှင်သွေးကြော (အပိုင်း-၁) (ဒေါက်တာခင်မောင်ဝင်း) |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

# (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နဝမနေ့ ပြိုင်ပွဲအစီအစဉ်များ နေပြည်တော်၌ ဆက်လက်ကျင်းပ



ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသား၊ အမျိုးသမီး စာသားရေး သံစဉ်ထည့်သွင်း၊ တေးစာသားသီဆိုပြိုင်ပွဲတွင် မွန်ပြည်နယ်မှ သထုံသန်းဝင်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၃

**ရိုးရာယဉ်ကျေးမှုသည် နိုင်ငံတိုင်း၊ လူမျိုးတိုင်း၏ ထူးခြားသည့် ဝိသေသလက္ခဏာကို ဖော်ညွှန်းပြသသည့် ကိုယ်ပိုင်အမျိုးသားရေးသင်္ကေတဖြစ်သကဲ့သို့ ရုပ်ရည်သွင်ပြင်လက္ခဏာ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ဘာသာစကားအသုံးအနှုန်း၊ ယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာနှင့် လူမှုကျင့်ဝတ်စံနှုန်းတို့သည် ထိုနိုင်ငံနှင့် ထိုလူမျိုး၏ အမျိုးသားရေး ဥပဓိရုပ်များဖြစ်ကြရာ ယင်းကိုယ်ပိုင်အမျိုးသားရေးသင်္ကေတနှင့် အမျိုးသားရေးဥပဓိရုပ်တို့ ပျောက်ဆုံးပျက်ယွင်းသည့်နေ့သည် နိုင်ငံနှင့်လူမျိုးပါ ပျောက်ကွယ်မည့်နေ့ဖြစ်၍ နိုင်ငံတော်အစိုးရအနေနှင့် ကမ္ဘာ့အလယ်တွင် "မြန်မာ"ဟူ၍ ကမ္ဘာတည်သရွေ့ ခိုင်ခိုင်မာမာ ဂုဏ်ယူဝင့်ကြွားစွာ ထာဝစဉ်ရပ်တည်နိုင်ရေးအတွက် လူမှုရေးဦးတည်ချက်(၄)ရပ် ချမှတ်ပြီး အမျိုးသားရေးတာဝန်ကြီးနှင့် ဆက်စပ်လျက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိရာ ယနေ့တွင် နဝမမြောက်နေ့အဖြစ် ပြိုင်ပွဲအစီအစဉ်များကို နေပြည်တော်၌ ဆက်လက်ကျင်းပသည်။**

ထိုသို့ကျင်းပရာတွင် အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌လည်းကောင်း၊ ပတ္တလားအတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌လည်းကောင်း၊ စောင်းအတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌လည်းကောင်း၊ စန္ဒရားအတီးပြိုင်ပွဲကို သစ်တောသုတေသနဌာန၌ လည်းကောင်း၊ တယောထိုးပြိုင်ပွဲကို စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း ကျင်းပကြသည်။

ယနေ့ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲများသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်အောင်နှင့် ဦးစိုးဦး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့် တိုင်းများမှ ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော် အနီးဝန်းကျင်မှ ပြည်သူများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို တန်ဖိုးထား လေးစားချစ်မြတ်နိုးကြသော ပြည်သူများ လာရောက်ကြည့်ရှုအားပေး နားသောတဆင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉နာရီတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ခန်းမဆောင်၌ကျင်းပရာ အက အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) သဘင်ဌာနမှ ပါမောက္ခ ဒေါ်နုနုခင်နှင့် အက အကဲဖြတ်အဖွဲ့ဝင်များက အမှတ်ပေး အကဲဖြတ်ကြသည်။

ယနေ့ကျင်းပသည့် အခြေခံပညာ အဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး အကပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မအေးချမ်းမြေ့၊ ချင်းပြည်နယ်မှ မနန်းလွင်ထက်ထက်ကျော်၊ စစ်ကိုင်းတိုင်းမှ မပိုးသိမ့်ဇော်၊ ဧရာဝတီတိုင်းမှ မကျော့ကျော့ခိုင်၊ စစ်ကိုင်းတိုင်းမှ မဇင်မာအောင်၊ ရခိုင်ပြည်နယ်မှ မထက်ထက်မိုးလွင်(ခ) နိုင်းအိလွင်၊ ကရင်ပြည်နယ်မှ မအိသဉ္ဇာမောင်(ခ) မအိမြတ်မိုးဝေ၊ ရှမ်းပြည်နယ်မှ မနှင်းနှင်းအေး၊ ကချင်ပြည်နယ်မှ မဇင်ယော်မေ၊ ရခိုင်ပြည်နယ်မှ မသဇင်ထွန်း၊ ရန်ကုန်တိုင်းမှ မအိရွှေစင်၊ ပဲခူးတိုင်းမှ မမြတ်မြတ်ချိုလင်းထိုက်၊ ကယားပြည်နယ်မှ မဝေဖူးသိမ့်၊ မကွေးတိုင်းမှ မငြိမ်းချမ်းခိုင်၊ ကချင်ပြည်နယ်မှ မသဲအေးအေးနွယ်၊ ပဲခူးတိုင်းမှ မနှင်းလဲ့ရည်ကျော်၊ တနင်္သာရီတိုင်းမှ မဖူးပွင့်ဝေ၊ မန္တလေးတိုင်းမှ မစုပိုပို အောင်၊ မွန်ပြည်နယ်မှ မဖြူသဇင်လှိုင်၊

မန္တလေးတိုင်းမှ မအိဖြူစင်ကျော်နှင့် ဧရာဝတီတိုင်းမှ မအင်ကြင်းဖွေးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ၌ကျင်းပရာ အရေး အကဲဖြတ် အမှတ်ပေး အဖွဲ့ခေါင်းဆောင် ဦးလေးညွှန့်၊ အနုပညာဦးစီးဌာနမှ ဒေါ်ကြည်ကြည်ဝင်းနှင့် ဒေါ်နွယ်နွယ်စိုးတို့က အကဲဖြတ်အဖွဲ့ဝင်များနှင့်အတူ ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ယနေ့ကျင်းပသည့် အရေးပြိုင်ပွဲတွင် အောက်တိုဘာ ၁၅ရက်က 'ယဉ်ကျေးသိမ်မွေ့ တို့ဓလေ့' ခေါင်းစဉ်ဖြင့် တေးစာသား ရေးသားပြိုင်ပွဲဝင်ခဲ့ပြီး အောက်တိုဘာ ၁၈ရက်တွင် သံစဉ်ထည့်သွင်း လေ့ကျင့်ခဲ့သော ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသားနှင့် အမျိုးသမီး) ပြိုင်ပွဲဝင်များ ဖြစ်ကြသော ပဲခူးတိုင်းမှ ဦးမြင့်စိုး၊ မန္တလေးတိုင်းမှ ဦးဇော်မိုးကျော်၊ ဧရာဝတီတိုင်းမှ ဦးသန်းရှိန်၊ မန္တလေးတိုင်းမှ ဦးမျိုးသူ၊ ရန်ကုန်တိုင်းမှ ဦးမိုးခင်ကျော်နှင့် ဦးတင့်ခိုင်၊ မွန်ပြည်နယ်မှ သထုံသန်းဝင်း၊ စစ်ကိုင်းတိုင်းမှ ဦးကျော်လင်း(ခ) ဦးသောင်း၊ ရှမ်းပြည်နယ်မှ ဒေါ်မူမူဆွေနှင့် ကယားပြည်နယ်မှ ဦးဝင်းနွယ်တို့၏ သံစဉ်များ၊ ထည့်သွင်းထားသော တေးစာသားများကို အဆိုရှင်များနှင့် တွဲဖက်၍ ပြိုင်ပွဲဝင်ကြသည်။

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပတ္တလား အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပရာ ပတ္တလားအတီး အကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးခင်လှနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲကို ကျင်းပရာ 'စိမ်းလဲ့လဲ့ညိုပြာ' (ကြိုး) သီချင်းဖြင့် ရှမ်းပြည်နယ်မှ မောင်ဖြိုးဆက်ပိုင်၊ မန္တလေးတိုင်းမှ မောင်သိန်းထွန်း၊ ဧရာဝတီတိုင်းမှ မောင်ဇော်နိုင်၊ မွန်ပြည်နယ်မှ မင်းအောင်ကျော်သူ၊ ကချင်ပြည်နယ်မှ မောင်အောင်မျိုးထွေး၊ ရန်ကုန်တိုင်းမှ မောင်စောပိုင်၊ မန္တလေးတိုင်းမှ



အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသား ပတ္တလား အတီး ပြိုင်ပွဲတွင် မကွေးတိုင်းမှ မောင်ရဲရင့်သူ(ခ)ဝေယံဦး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

မောင်သူရထက်နိုင်၊ ပဲခူးတိုင်းမှ မောင်လှမျိုးကို၊ တနင်္သာရီတိုင်းမှ မောင်အောင်အောင်လင်း၊ ရန်ကုန်တိုင်းမှ မောင်အောင်စည်မင်းထက်၊ မကွေးတိုင်းမှ မောင်ရဲရင့်သူ(ခ) ဝေယံဦးနှင့် စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီး ပတ္တလား အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ 'အာကာယံထဲ'(ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဒေါ်ခိုင်ဇာဝင်း၊ မန္တလေးတိုင်းမှ ဒေါ်ခင်သိန်းအေးနှင့် ဒေါ်သန်းသန်းညွန့်၊ မွန်ပြည်နယ်မှ မဘိုမနှင့် ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စောင်းအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စန္ဒရား ဦးရည်နွယ်နှင့် အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ စောင်းအတီးပြိုင်ပွဲ အကဲဖြတ်အမှတ်ပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကိန်းနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသား စောင်းအတီး ပြိုင်ပွဲကိုကျင်းပရာ 'မဟာဝန်ချာ'(ဘွဲ့) သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဦးမျိုးသန့်၊ မန္တလေးတိုင်းမှ ဦးလရောင်၊ မွန်ပြည်နယ်မှ ဦးခင်မောင်စန်း၊ ပဲခူးတိုင်းမှ ဦးစန်းကိုလေး၊ ရခိုင်ပြည်နယ်မှ မောင်ဇေယျလင်း၊ မကွေးတိုင်းမှ ဦးအောင်သိန်းနှင့် မန္တလေးတိုင်းမှ ဦးကိုကိုအောင်တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသမီး စောင်းအတီး ပြိုင်ပွဲကိုဆက်လက်ကျင်းပရာ 'တောမြိုင်ခြေလမ်း'(ယိုးဒယား) သီချင်းဖြင့် ရှမ်းပြည်နယ်မှ ဒေါ်နီလာညို၊ ပဲခူးတိုင်းမှ ဒေါ်ချောယုလင်း၊ ရန်ကုန်တိုင်းမှ မခင်မိမိမိုး၊ ရခိုင်ပြည်နယ်မှ မဆုဆုဝင်းမောင်၊ ရန်ကုန်တိုင်းမှ မခင်အေးမွန်၊ ဧရာဝတီတိုင်းမှ ဒေါ်တင်နီလာဝင်းနှင့် မန္တလေးတိုင်းမှ ဒေါ်ဝင်းသီဂီကျော်တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသား) စောင်း အတီးပြိုင်ပွဲကို ကျင်းပရာ 'သာယာ' (ကြိုး) သီချင်းဖြင့် ရှမ်းပြည်နယ်မှ မောင်ဖြိုးသက်ပိုင်၊ ဧရာဝတီတိုင်းမှ မောင်သိုက်ထွန်းဖုံနှင့် ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသမီး) စောင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ 'သာယာ'(ကြိုး)သီချင်းဖြင့် တနင်္သာရီတိုင်းမှ မခြူးသဉ္ဇာသိမ့်၊ ဧရာဝတီတိုင်းမှ မရည်မွန်သန့်၊ မကွေးတိုင်းမှ မငြိမ်းမြတ်မွန်၊ မန္တလေးတိုင်းမှ မမြတ်ကေသွယ်ကျော်၊ ရန်ကုန်တိုင်းမှ မပိုင်သိမ့်သိမ်းနွေး(ခ)ခိုင်ရတနာသိမ်း၊ မန္တလေးတိုင်းမှ မဝတ်မှုံအေးနှင့် ပဲခူးတိုင်းမှ မပန်းနုခိုင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။



အခြေခံ ပညာအဆင့် အသက်(၁၀-၁၅) နှစ် အမျိုးသမီး အက ပြိုင်ပွဲတွင် တနင်္သာရီ တိုင်းမှ မဖူးပွင့်ဝေ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စန္ဒရား အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်းသစ်တော သုတေသန စုဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ စန္ဒရား အတီးအကဲဖြတ်အဖွဲ့ခေါင်းဆောင် စန္ဒရားဦးနီနီနှင့် အဖွဲ့က အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲကျင်းပရာတွင် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး စန္ဒရား အတီးပြိုင်ပွဲ၌ 'ဇာတိအာဏာ' (ယိုးဒယား)သီချင်းဖြင့် ရခိုင်ပြည်နယ်မှ ဒေါ်စည်သူစိုး၊ ပဲခူးတိုင်းမှ ဒေါ်တင်စန္ဒာဝင်း၊ မန္တလေးတိုင်းမှ ဒေါ်စိန်စိန်ရင်နှင့် ဒေါ်သန်းသန်းညွန့်တို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ 'ဝေဘာဂီရိ' (ကြိုး) သီချင်းဖြင့် ကချင်ပြည်နယ်မှ မောင်အောင်ကိုကို၊ ရန်ကုန်တိုင်းမှ မောင်စံရွှေမြတ်၊ ပဲခူးတိုင်းမှ မောင်ကောင်းဇော်ဟိဏ်း၊ မန္တလေးတိုင်းမှ မောင်အောင်ကျော်ငြိမ်းနှင့် မောင်ရဲထက်အောင်၊ ရန်ကုန်တိုင်းမှ မောင်သက်သန်းဟန်၊ စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်နှင့် ရှမ်းပြည်နယ်မှ မောင်ဖြိုးဆက်ပိုင်တို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ကျင်းပသည့် စန္ဒရားအတီး ပြိုင်ပွဲများအပြီးတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် အတီးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်၊ စန္ဒရားအတီးဗဟိုအကဲဖြတ်ခေါင်းဆောင် စန္ဒရားဦးနီနီနှင့် ပြည်နယ်နှင့်တိုင်း အကဲဖြတ်ဒိုင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား တယောထိုး ပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ တယောအကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးတင်ငွေနှင့်အဖွဲ့က အမှတ်ပေး အကဲဖြတ် အမှတ်ပေးကြသည်။

ထိုသို့ကျင်းပရာတွင် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား တယောထိုးပြိုင်ပွဲတွင် 'မှိုင်းမှိုင်းမြ' သီချင်းခန့်ဖြင့် မန္တလေးတိုင်းမှ ဦးအေး၊ ရခိုင်ပြည်နယ်မှ ဦးချိုအေး(ခ)ချိုကြီး၊ ရန်ကုန်တိုင်းမှ ဦးခင်မောင်ဝင်း၊ ပဲခူးတိုင်းမှ ဦးသန်းရှိန်၊ မန္တလေးတိုင်းမှ ဦးအေးမောင်၊ ရန်ကုန်တိုင်းမှ ဦးယုမောင်၊ ဧရာဝတီတိုင်းမှ ဦးတင်စိုး၊ မကွေးတိုင်းမှ ဦးတင်အုန်း၊ မွန်ပြည်နယ်မှ ဦးလှအောင်တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး တယောထိုးပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ'ရွှေပြည်တော်သည်' (ပတ်ပျိုး) သီချင်းဖြင့် မွန်ပြည်နယ်မှ နော်သူးလေဖောဝေနှင့် ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်ချိုထွန်းတို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့် အမျိုးသား တယောထိုးပြိုင်ပွဲကို ကျင်းပရာ 'သူရကန်' (ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ကျိန်လမ်းမုန့်၊ ကယားပြည်နယ်မှ စောထူးထူးဝေ၊ ရန်ကုန်တိုင်းမှ မောင်အောင်ခြိမ့်၊ မန္တလေးတိုင်းမှ မောင်ရဲရင့်ကိုကိုနှင့် ဧရာဝတီတိုင်းမှ မောင်ကျော့ရှင်းနိုင်တို့ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြပြီး အဆင့်မြင့်ပညာအဆင့် အမျိုးသမီး တယောထိုး ပြိုင်ပွဲ ကို ဆက်လက်ကျင်းပရာ 'ရေခင်းတော်'(ကာလပေါ်) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မစန္ဒာဝင်း၊ မန္တလေးတိုင်းမှ မခင်ဆွေမြညွန့်နှင့် ရန်ကုန်တိုင်းမှ မသက်ပိုင်ကျော်တို့ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အောက်တိုဘာ ၂၄ရက်တွင် ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ (သတင်းစဉ်)

## မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၃-၁၀-၂၀၀၆)

**နေပြည်တော်**
၀ ဒသမ ၄၀ လက်မ

**ကော့သောင်း**
၀ ဒသမ ၃၆ လက်မ

**ပျဉ်းမနား**
၀ ဒသမ ၁၉ လက်မ

**တောင်ကြီးနှင့် ပဲခူး**
၀ ဒသမ ၁၆ လက်မ

**မကွေး**
၀ ဒသမ ၀၈ လက်မ

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ဗဟိုအဆင့် ဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၂၃

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဗဟိုအဆင့် ဆရာဖြစ်သင်တန်းအမှတ်စဉ် (၂/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။**







**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့် ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ်(၂/၂၀၀၆)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့်ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းမောင်၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးတင်ဝင်းမောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker က စီမံချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက မကွေးတိုင်းအတွင်းရှိ စီမံချက်ဝင် နတ်မောက်မြို့နယ်နှင့် မြို့သစ်မြို့နယ်နှစ်မြို့နယ်၊ ရခိုင်ပြည်နယ်အတွင်းရှိစီမံချက်ဝင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ် နှစ်မြို့နယ်၊ ချင်းပြည်နယ်အတွင်းရှိ စီမံချက်ဝင် ဟားခါးမြို့နယ်နှင့် ဖလမ်းမြို့နယ် နှစ်မြို့နယ်တို့၌ မြို့နယ်အဆင့် သင်တန်းများနှင့် ရပ်ကွက် ကျေးရွာအဆင့် သင်တန်းများပြုလုပ်ရန်အတွက် တစ်မြို့နယ်လျှင် ငွေကျပ် ၁၅၁၈၀၀၀ စီနှင့် ခြောက်မြို့နယ်အတွက် စုစုပေါင်းငွေကျပ် ၉၁၀၈၀၀၀ ကို ပေးအပ်ရာ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများကိုယ်စား တာဝန်ရှိသူများက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ တစ်မြို့နယ်လျှင် ငါးဦးစီ စုစုပေါင်း ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မကွေးတိုင်း မြို့နယ် အဆင့်သင်တန်းများ ပြုလုပ်ရန် အတွက် ငွေကျပ် ၁၅၁၈၀၀၀ ကို ပေးအပ်စဉ်။**
(သတင်းစဉ်)

## ပေးအပ်လှူဒါန်း

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် ဒေသစည်းရုံးရေးမှူး ဒေါ်ဝေဝေတို့ လှိုင်သာယာမြို့နယ် အမှတ်(၄၄) အခြေခံပညာမူလတန်းကျောင်းအတွက် အလှူငွေကျပ်တစ်သိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက လှိုင်သာယာမြို့နယ် အမှတ်(၄၄) အခြေခံပညာမူလတန်းကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် အလှူငွေများပေးအပ်လှူဒါန်း



ရန်ကုန် အောက်တိုဘာ ၂၃

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကျောင်းသုံးဗလာစာအုပ်များ၊ စာရေး ကိရိယာများနှင့် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ လှိုင်သာယာမြို့နယ် အမှတ်(၄၄) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ် ဒေသစည်းရုံးရေးမှူး ဒေါ်ဝေဝေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လှိုင်သာယာမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် ဒေသစည်းရုံးရေးမှူး ဒေါ်ဝေဝေတို့က မူလတန်းကျောင်းအတွက် အလှူငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းသန်းလှက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဌာနကြီးမှူးနှင့် ဒေသစည်းရုံးရေးမှူးတို့က ဘက်စုံထူးချွန်သော ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့အား တစ်ဦးလျှင် ငွေကျပ် တစ်သောင်းစီနှင့် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများကို လည်းကောင်း၊ ကျန်ရှိသော ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများကို လည်းကောင်း တစ်ဦးချင်းစီ ပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် စတင်ရောင်းချ ပြည်တွင်း ပြည်ပ ရတနာကုန်သည် ၃၁၇၃ ဦး အပြိုင်အဆိုင်ဝယ်ယူ

ရန်ကုန် အောက်တိုဘာ ၂၃

**၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲအစီအစဉ်အရ ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် စတင်ရောင်းချမှုကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ ကြည့်ရှုအားပေးပြီး ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် ဝယ်ယူနေကြသော ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များကို ကူညီပံ့ပိုး ဆောင်ရွက်ပေးသည်။**

ရှေးဦးစွာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များက အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာ၍ မိမိတို့ဝယ်ယူလိုသော ကျောက်စိမ်းအတွဲ အဆိုပြုလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းခဲ့ကြသည်။

အဆိုပါကျောက်စိမ်းအတွဲ အဆိုပြုလွှာများကို ကျောက်စိမ်းအတွဲများ ရောင်းချရေး၊ ဖွင့်ဖောက် စစ်ဆေးရေးအဖွဲ့က ဖွင့်ဖောက်စစ်ဆေးပြီး ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် အများဆုံးဝယ်ယူရရှိသူ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား ကြေညာရောင်းချပေးရာ ညနေ ၄နာရီတွင် ကျောက်စိမ်းအတွဲပေါင်း ၅၆၉တွဲရောင်းချရသည်။ ညနေပိုင်းတွင် ကျောက်စိမ်းအတွဲများကို ဆက်လက် ရောင်းချလျက်ရှိသည်။

### တက်ရောက်

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲသို့ ရောက်ရှိနေကြသော ပြည်ပနိုင်ငံများမှကုမ္ပဏီများနှင့် တက်ရောက်လာကြသူများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုမ္ပဏီ ၄၁၃ခုမှ ရတနာကုန်သည် ၁၆၄၉ဦး၊ စင်ကာပူသမ္မတနိုင်ငံ ကုမ္ပဏီ ငါးခုမှ ရတနာကုန်သည် ရှစ်ဦး၊ ထိုင်းနိုင်ငံကုမ္ပဏီ ၃၈ခုမှ ရတနာကုန်သည် ၁၆၉ဦး၊ မလေးရှားနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည် နှစ်ဦး၊ အီတလီနိုင်ငံကုမ္ပဏီတစ်ခုမှ ရတနာကုန်သည် တစ်ဦး၊ ဂျပန်နိုင်ငံ ကုမ္ပဏီရှစ်ခုမှ ရတနာကုန်သည်ကိုးဦး၊ ကနေဒါနိုင်ငံကုမ္ပဏီနှစ်ခုမှ ရတနာကုန်သည် နှစ်ဦး၊ ဩစတြေးလျနိုင်ငံ ကုမ္ပဏီ ခြောက်ခုမှ ရတနာကုန်သည် ရှစ်ဦး၊ ဂျာမနီနိုင်ငံကုမ္ပဏီနှစ်ခုမှ ရတနာကုန်သည် သုံးဦး၊ အမေရိကန်ပြည်ထောင်စုကုမ္ပဏီနှစ်ခုမှ ရတနာကုန်သည်နှစ်ဦး၊ ပြင်သစ်နိုင်ငံကုမ္ပဏီတစ်ခုမှ ရတနာကုန်သည် တစ်ဦး၊ ချက်ကိုစလို ဗက်ကီးယားနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည် တစ်ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၅၀၄ခုမှ နိုင်ငံသားရတနာကုန်သည် ၁၃၁၈ ဦးတို့ ဖြစ်ကြသည်။

### ဆက်လက်ရောင်းချသွားမည်

ကျောက်စိမ်းအတွဲများကို အောက်တိုဘာ ၂၄ ရက်တွင် တင်ဒါစနစ်ဖြင့် ဒုတိယနေ့ ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

# ပန်းတနော်မြို့ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ် ရေစက်ချအလှူမင်္ဂလာကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

ပန်းတနော်မြို့ အခြေခံပညာအလယ်တန်းကျောင်း ပေ ၃၀ x ၇၀ နှစ်ထပ် သံကူကွန်ကရစ် ကျောင်းဆောင်သစ် ရေစက်ချအလှူမင်္ဂလာပွဲကို ယမန်နေ့ နံနက်က ပန်းတနော်မြို့၊ အရှေ့ပိုင်း ရပ်ကွက်၊ အခြေခံပညာ အလယ်တန်း ကျောင်းတွင် ကျင်းပသည်။

**(အပေါ်ယာပုံ)**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦးက အမှာစကားပြောကြားကာ အလှူရှင်များကိုယ်စား ဒေါက်တာခင်ချိုဟန်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ပန်းတနော်မြို့ ပရိယတ္တိကျောင်းတိုက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ (ဗဟိုဝန်ဆောင်) ဆရာတော် ဘဒ္ဒန္တအာဒိစ္စထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ရေစက်ချ အနုမောဒနာတရားနာယူကြသည်။

ကျောင်းဆောင်သစ်ဖြစ်မြောက်ရေးအတွက် ပန်းတနော်အသင်း ဂုဏ်ထူးဆောင်နာယက ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ငွေကျပ် ၄၃၀၀၀၀၊ ဦးဘဟန်–ဒေါ်ခင်အေးမိသားစုက ငွေကျပ် ၁၇၀၈၅၀၀၀၊ ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်) အသင်းဝင်များမှ ငွေကျပ် ၁၉၉၀၀၀၀၊ ပန်းတနော်မြို့ပေါ်ရှိ အလှူရှင်များက ငွေကျပ် ၇၆၁၁၀၀၊ အလက ပန်းတနော် မိဘများက ငွေကျပ် ၁၆၁၃၃၇၅၊ ဦးအိုက်ထွန်း – ဒေါ်သန်းသန်းဝင်း မိသားစု အိုလံပစ်ကုမ္ပဏီလီမိတက်က ငွေကျပ် ၇၅၀၀၀၀၀၊ (ဦးခွေး)–ဒေါ်ကျင်စု သားသမီးမြေးများ ပြည့်စုံပွဲရုံ ဘုရင့်နောင် ရန်ကုန်က ငွေကျပ် ၁၁၀၀၀၀၀၀၊ စုစုပေါင်း ငွေကျပ် ၂၅၀၀၂၉၇၅လှူဒါန်းကြပြီး ဦးမျိုးဝင်း–ဒေါ်မီမီသက် မိသားစုက ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ လေးယောက်တွဲစာရေးခုံ၊ ထိုင်ခုံအစုံ ၁၀၀၊ ဦးကျင်ဟူ–ဒေါ်မြင့်မြင့်ဝင်း အောင်ဆုထူးပိုင် ထီဆိုင် မိသားစုက ငွေကျပ် ၂၂၀၀၀၀ တန်ဖိုးရှိ လွယ်အိတ်နှင့် စာအုပ်စာရေးကိရိယာ ၆၂၄စုံ၊ ဦးကြူပွင့်–ဒေါ်ခင်စု မိသားစုက ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ ဆရာ၊ဆရာမများအတွက်ဝတ်စုံများ၊ ဦးကီဟင်း–ဒေါ်ကျင်ရိုး မိသားစုက ငွေကျပ် ၄၀၀၀၀၀တန်ဖိုးရှိ ဦးထုပ် ၆၅၅ လုံးတို့အား လှူဒါန်းကြသည်။ (ကြေးမုံ)



## သတ္တမဗေဒကျောင်းသားဟောင်းများ ဘုံကထိန်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာတောင်တော်ဦး ကျောင်းတိုက်၏ (၂၆)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တွင် ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများက တတိယအကြိမ် ပါဝင်လှူဒါန်းကြမည်ဖြစ်ပါသောကြောင့် (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၄ရက် (စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ကြွရောက်ပါရန် နိုးဆော်ထားသည်။ ကထိန်သင်္ကန်းနှင့် အခြားလှူဖွယ် ဝတ္ထုပစ္စည်း လှူဒါန်းလိုသူများသည် ဆရာဦးကျော်ဘုန်းလင်း ဖုန်း–၂၀၃၃၀၃၊ ဆရာမဒေါ်တင်စိုး ဖုန်း–၃၈၅၄၅၈၊ ဦးစောဝင်း(ဥက္ကဋ္ဌ) ဖုန်း–၃၉၄၈၂၄၊ ၂၅၂၁၅၄၊ ဦးစတန်လီကိုကိုကြီး(အတွင်းရေးမှူး) ဖုန်း–၅၅၉၆၀၃၊ ဦးဝင်းရှိန်၊ ဒေါ်စိုး(ဘဏ္ဍာရေးမှူး) ဖုန်း–၅၁၁၁၀၇၊ ဦးမောရစ် (စာရင်းစစ်) ဖုန်း–၂၁၁၀၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

# အမျိုးသားညီလာခံ နှောင့်နှေးကြန့်ကြာစေရန် လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ယူဆ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ဒီမိုကရေစီဖော်ဆောင်မှုတို့ ယိုယွင်းပျက်စီးစေ အမေရိကန်၏ သွယ်ဝိုက်သောလုပ်ဆောင်ချက်များအပေါ် လက်ခံနိုင်ခြင်းမရှိ၊ ကန့်ကွက်ရှုတ်ချ

နေပြည်တော် အောက်တိုဘာ ၂၃

**မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မွန်ပြည်သစ်ပါတီ(ခွဲထွက်)အဖွဲ့က သဘောထား ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို အောက်တိုဘာ ၁၃ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။**

**အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါတိုင်းဖြစ်သည်–**

## မွန်ပြည်သစ်ပါတီ(ခွဲထွက်)အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

**ရက်စွဲ။ ။၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်**

၁။ ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်နေ့တွင် အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် မြန်မာနိုင်ငံအား ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နိုင်သည်ဟူသော စွပ်စွဲချက်ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအခြေအနေအား ဆွေးနွေးရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရှိရပါသည်။

၂။ ဤဆုံးဖြတ်ချက်သည် အမေရိကန်အနေဖြင့် ကုလသမဂ္ဂကို အသုံးချပြီး–

(က) မြန်မာနိုင်ငံ၏ ဒို့တာဝန်အရေးသုံးပါးဖြစ်သော ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော မူဝါဒနှင့် သွေဖည်နေသည်ဖြစ်၍ ပျက်စီးရာပျက်စီးကြောင်း တမင်ကြံရွယ်လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ယူဆသည်။

(ခ) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အရ နိုင်ငံတော်၏ လူထုလူတန်းစား အသီးသီးတို့ကို အခြေခံပြီးကျင်းပပြုလုပ်နေသည့် ပြီးမြောက်အောင်မြင်တော့မည့် အမျိုးသားညီလာခံအပေါ် နှောင့်နှေးကြန့်ကြာစေရန် လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ယူဆသည်။

(ဂ) နိုင်ငံတော်၏ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ယိုယွင်းပျက်စီးစေမည့် ကြံရွယ်လုပ်ဆောင်မှုဖြစ်သည်သာမက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နှောင့်ယှက်ဟန့်တားမှုဖြစ်သည်ဟု ယူဆသည်။

၃။ ထို့ကြောင့် အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မငြိမ်မသက်ဖြစ်စေခြင်း၊ ပြည်တွင်းရှိ ပြည်သူလူထုများ စားဝတ်နေရေးကျပ်တည်းအောင်လုပ်ဆောင်ခြင်း၊ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို နှောင့်ယှက်စွက်ဖက်ခြင်း စသည်တို့ကြောင့် မွန်ပြည်သစ်ပါတီ(ခွဲထွက်)အဖွဲ့အနေဖြင့် အမေရိကန်နိုင်ငံ၏ သွယ်ဝိုက်သော လုပ်ဆောင်ချက်များအပေါ် လက်ခံနိုင်ခြင်းမရှိကြောင်းနှင့် ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာသည်။

**နိုင်စိုက်ချမ်း**
**ဥက္ကဋ္ဌ**
**မွန်ပြည်သစ်ပါတီ(ခွဲထွက်)အဖွဲ့**



**ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၁၉ ရက်က ထောင်တလုပ်ရပ်ကွက် သရဖီကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှေ့တွင်ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။** (မြို့နယ်/ပြန်ဆက်)

## ကြက်တောင်ဥပဒေနှင့် ခိုင်သင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်သည် ပြည်တွင်းပြိုင်ပွဲများ၌ နိုင်ငံတကာ အမှတ်ပေးစနစ်သစ်ဖြစ်သည့် (Rally Point Scoring System ) ၂၁မှတ် သုံးပွဲပုံစံကို ကျင့်သုံးနိုင်ရန်အတွက် အဖွဲ့ချုပ် ဒိုင်လူကြီးများကော်မတီမှ ကြီးမှူး၍ ဥပဒေရေးရာနှင့် ဒိုင်လူကြီးသင်တန်းကို နိုဝင်ဘာ၅ရက်မှ ဒီဇင်ဘာ ၁၀ရက်အထိ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် မွန်းလွဲ ၁ နာရီမှ ညနေ၄ နာရီအထိ ဖွင့်လှစ်ပို့ချသင်ကြားသွားမည်ဖြစ်ရာ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် ဖုန်း–၂၂၁၄၉၆၊ ၃၈၁၁၃၂ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အဆိုပါ အမှတ်ပေး ပုံစံသစ်ကို ဒီဇင်ဘာ ၂၄ရက်မှ ၃၀ရက်အထိ ကျင်းပမည့် ၂၀၀၆ခုနှစ် (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကြက်တောင်ပြိုင်ပွဲ၊ ဒီဇင်ဘာ ၃၁ ရက် မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ အားကစားဝန်ကြီးဌာနမှ ကြီးမှူး၍ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်နှင့် ဂရိတ်ဝေါ ဆေးဝါးနှင့်ဆောက်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်းကျင်းပမည့် သတ္တမအကြိမ်မြောက် ဂရိတ်ဝေါ အမျိုးသား တံခွန်စိုက် ကြက်တောင်ပြိုင်ပွဲတို့တွင် စတင်ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

## မြန်မာ့ပရိဘောဂပြပွဲ – ၂၀၀၆ တတိယနေ့အဖြစ် ဆက်လက်ပြသ

**ရန်ကုန် အောက်တိုဘာ ၂၃**

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် “သစ်တောရတနာ၊ ပြည့်ဘဏ္ဍာ၊ အစဉ်ထာဝရ ထိန်းသိမ်းကြ”ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ (Myanmar Furniture Fair-2006)ကို တတိယနေ့အဖြစ် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ဆက်လက်ပြသသည်။

ပြပွဲသို့ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ပြည်ပဧည့်သည်တော်များနှင့် ကုမ္ပဏီအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များက ပြခန်းအတွင်း၌ ခင်းကျင်းပြသထားသည့် အိမ်သုံး၊ လူသုံးနှင့် အလှဆင်ပရိဘောဂများ၊ နိုင်ငံတကာ နည်းပညာများဖြင့် အထူးပြုလုပ်ထားသော ကျွန်းအစားထိုး၊ လူသိနည်းသည့် အခြားသစ်များဖြင့် ပြုလုပ်ထားသော ပရိဘောဂများ၊ ရော်ဘာသစ်သားဖြင့် ပြုလုပ်ထားသော ပရိဘောဂများ၊ ကြိမ်ထည်ပရိဘောဂပစ္စည်းများ၊ ပြည်ပကုမ္ပဏီများမှ ပြသထားသော ပရိဘောဂလုပ်ငန်းသုံးစက်ကိရိယာများ၊ ပြည်တွင်းပရိဘောဂလုပ်ငန်းရှင်များ အစုအဖွဲ့က ဖွင့်လှစ်သည့် အခြေခံ ဒီဇိုင်းသင်တန်းသားများ ထုတ်လုပ်ထားသည့် ပရိဘောဂပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြပွဲကို အောက်တိုဘာ ၂၅ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ အောက်တိုဘာ ၂၄ရက်နှင့် ၂၅ရက်များတွင် အများပြည်သူများအတွက် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)



**မြန်မာ့ပရိဘောဂပြပွဲ – ၂၀၀၆ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ တတိယနေ့အဖြစ် ပြသထားစဉ်။** (သတင်းစဉ်)



**မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ကို တတိယမြောက်နေ့အဖြစ် ခင်းကျင်းပြသရာ ပြပွဲလာပရိသတ်များ စိတ်ဝင်စားစွာကြည့်ရှုလေ့လာစဉ်။** (ကုန်သည်/စက်မှု)

# နေပြည်တော်လမ်းညွှန်မြေပုံစာအုပ်
**(The Map of Naypyitaw)**

နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့်
**Design Printing Services Co., Ltd.** တို့
ပူးပေါင်းဆောင်ရွက်ပြီး
နေပြည်တော်လမ်းညွှန်မြေပုံစာအုပ်
(The Map of Naypyitaw)
ထုတ်ဝေတော့မည်ဖြစ်ပါသဖြင့် လုပ်ငန်းရှင်များအနေဖြင့်
ကြော်ငြာများ ထည့်သွင်းလိုသူများ အမြန်ဆုံး
အောက်ဖော်ပြပါနေရာများတွင် စုံစမ်းဆက်သွယ်နိုင်ပါသည်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**(၀၆၇) ၄၁၄၂၉၄၊ ၄၁၄၂၉၃၊ ၄၁၄၂၉၂**
**Design Printing Services Co., Ltd.**
**(၉၅-၁)၂၀၄၀၂၀၊ ૭၇၀၀၂၇**


# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)
## ကြော်ငြာစာအမှတ်(၁/၂၀၀၆)

၁၃၆၈ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁)ရက်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများ အလိုရှိပါသည်–

| ရာထူး | ပညာအရည်အချင်း | လစ်လပ် |
|---|---|---|
| မြို့နယ်ဒုတိယဦးစီးမှူး/ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) | တက္ကသိုလ်တစ်ခုခုမှဘွဲ့ | ၁၄၅ နေရာ |

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာသန်စွမ်း၍ နိုင်ငံတော်အတွင်း ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
(ဂ) ၁၃-၁၁-၂၀၀၆ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်များနှင့် အခြားဌာနဝန်ထမ်းများအတွက် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ [အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ပြီး တစ်ဆက်တည်း လုပ်သက်(၅)နှစ် ပြည့်ပြီးသူဖြစ်ရမည်။]
(ဃ) လုပ်ငန်းသဘာဝအရ အမျိုးသားများဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ရုံးအမှတ်(၁၀)သို့ ၁၃-၁၁-၂၀၀၆ ရက်နေ့ အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာပုံစံများ၊ လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်/တိုင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများတွင် ဆက်သွယ်စုံစမ်း ဆောင်ရွက်သွားရန်ဖြစ်သည်။

၅။ စာမေးပွဲဝင်ကြေးကျပ်(၂၀၀)ကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများ၏ သာမန်ရငွေ ငွေစာရင်းခေါင်းစဉ်(၂တစ်၁၊ ၀၅) အထွေထွေ ရငွေများ(စာမေးပွဲဝင်ကြေး)ဖြင့် ပေးသွင်းပြီး ချလံမူရင်းကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရန် ဖြစ်သည်။

၆။ ရေးဖြေစာမေးပွဲကို ရန်ကုန်မြို့တွင်ကျင်းပမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲတွင် အောက်ပါ ဘာသာရပ်များကို ၂ နာရီမေးခွန်းလွှာများ ဖြေဆိုရမည်–
(က) မြန်မာစာ၊ အင်္ဂလိပ်စာ
(ခ) အထွေထွေဗဟုသုတ

၇။ ဝန်ထမ်းများသည် သက်ဆိုင်ရာဌာန အကြီးအကဲမှတစ်ဆင့် မူရင်းလျှောက်လွှာပေးပို့ကြရန်နှင့် လျှောက်လွှာမိတ္တူတစ်စောင်ကို ဓာတ်ပုံကပ်လျက် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၀)၊ နေပြည်တော်သို့ ၁၃-၁၁-၂၀၀၆ ရက်နေ့အရောက် ပေးပို့ရမည်ဖြစ်ပါသည်။ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်းမပြုသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ထားခြင်းမှ ပယ်ဖျက်ခံရမည်ဖြစ်သည်။

၈။ ၁၃-၁-၂၀၀၇ ရက်နေ့နှင့် ၁၄-၁-၂၀၀၇ ရက်နေ့တို့တွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ၆-၁-၂၀၀၇ ရက်နေ့မှစ၍ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၉။ စုံစမ်းမေးမြန်းလိုပါက ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ရုံးချုပ်)၊ရုံးအမှတ်(၁၀)၊နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်–၀၆၇-၄၁၂၄၁၅၊ ၀၆၇-၄၁-၂၄၁၀သို့ ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
**Civil Service Selection and Training Board**

## လျှောက်လွှာခေါ်ယူခြင်း

[illegible]

# မွေးနေ့မင်္ဂလာဆုတောင်း

## ဦးကိုကိုထွေး (လူမှုထူးချွန်ပထမဆင့်)
## ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီ
၏

မွေးနေ့မှသည် သက်ဆုံးတိုင် ချစ်သောမိသားစုနှင့် ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်......

**ချစ်ဇနီး – ဒေါ်အေးအေးသန်း**
**ချစ်သမီးကြီး – ကိုမျိုးဇော်ထွန်း-မဝတ်ရည်ထွေး**
**ချစ်သမီးငယ် – မသီရိထွေး**
**ချစ်မြေးလေး – ကေခိုင်မျိုး**

# မွေးနေ့ဆုမွန်လွှာ

**ခင်လေးနိုင် (ငယ်)**၏ ၂၄-၁၀-၂၀၀၆ ရက်တွင် ကျရောက်သော မွေးနေ့မှစ၍ နှစ်(၁၂၀)တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံနိုင်ပါစေ.....

**ငယ်ရဲ့ကို**
**သားကြီး၊ သမီးငယ်**
**သားထွေး**

# မဟာဆေးဝက်ဘာကျောင်းတိုက် ဘုံကထိန်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မဟာဆေးဝက်ဘာကျောင်းတိုက် (၄၈)ကြိမ်မြောက် မဟာဘုံကထိန်နှင့် သက်ကြီးဝါကြီးပူဇော်ပွဲကို (တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၄ ရက်(စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းတိုက် ရွှေကျောင်းပေါ်၌ ကျင်းပမည်ဖြစ်ရာ ပင့်သံဃာအပါး ၂၀၀ကျော်တို့အား သင်္ကန်းဒွိစုံတစ်စုံလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ဖုန်း-၆၄၀၃၆၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စာတမ်းဖတ်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေး ဗဟိုဌာန (IBC) ၌ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲကို အောက်တိုဘာ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး စာတမ်းဖတ်ပွဲသို့ ဖိတ်ကြားထားသူများ အပြင် စိတ်ပါဝင်စားသူများ တက်ရောက်လိုပါက ဖုန်း-၂၉၈၆၅၁၊ ၂၉၁၂၈၄၊ ၂၉၁၂၈၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စတုဘုမ္မိက တရားစခန်း

**ရန်ကုန် အောက်တိုဘာ ၂၃**

ပြင်ဦးလွင်ဆရာတော် ဘဒ္ဒန္တဝိဇယ (သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)နှင့် ပြည်သာယာဆရာတော် ဘဒ္ဒန္တကုမာရ(သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ) တို့က ကျေးဇူးရှင် ရွှေမင်းဝံ ၄က်တွင်းဆရာတော် ဥပနိဿယ အတိုင်း တရားစခန်းများကို နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ မန္တလေးမြို့ နဂါးဒေါ်ဦး စတုဘုမ္မိက မဂ္ဂင် ရိပ်သာနှင့် နိုဝင်ဘာ ၁၉ရက်မှ ၂၅ရက်အထိ ရွှေဘိုမြို့ စတုဘုမ္မိက ကျောင်းတိုက်တို့၌ ဖွင့်လှစ်မည်ဖြစ်ရာ ယောဂီများ တစ်ရက်ကြိုတင်၍ တရားစခန်းဝင်ကြရမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)



# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၃

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ ပါသိရာနာဂီ၊ အာသာ၊ ဒိုင်ယာစ်၊ ဆမ်မာရာစီကာရာသည် ယနေ့နံနက်၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူ၊ ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာပါသိရာနာဂီ၊ အာသာ၊ ဒိုင်ယာစ်၊ ဆမ်မာရာစီကာရာ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။**

(သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ မီခေးလ်၊ အမ်၊ မက်ဂလက်ဗီးအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၃

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ မီခေးလ်၊ အမ်၊ မက်ဂလက်ဗီးသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

**ယနေ့ မိုးလေဝသ**

**၂၄–၁၀–၂၀၀၆**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။**